# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်၊ သောကြာနေ့။ Friday, 6 May 2022 ၁၀၇၂၆


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၂)တွင် အမှာစကားပြောကြားစဉ်။

# ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး ဝင်ငွေရှိစေရေးအတွက် ရှိပြီးသား မြေပေါ်မြေအောက်သယံဇာတများနှင့် လူသားအရင်းအမြစ်များကို ထိထိရောက်ရောက် အသုံးချရန်လို

## စိုက်ပျိုးမွေးမြူရေးလုပ်ငန်းသည် မိမိတို့နိုင်ငံ၏ အခြေခံကုန်ထုတ်လုပ်မှုလုပ်ငန်းပင်ဖြစ်သဖြင့် အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်

**နေပြည်တော် မေ ၅**

ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၃/၂၀၂၂)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့အနေဖြင့် ကာလတိုအတွင်း ဖြစ်သင့်ဖြစ်ထိုက်သည်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ တိမ်းစောင်းလျက်ရှိသည့် အုပ်ချုပ်ရေး၊ စီးပွားရေး၊ နိုင်ငံရေး စသည့် နယ်ပယ်များကို ပြန်လည်တည့်မတ်အောင် ဆောင်ရွက်၍ ပြည်သူများလိုလားသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ပြန်လည်လျှောက်လှမ်းနိုင်ရေး ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း။

### အခက်အခဲများဖြစ်ပေါ်ခဲ့မှုနှင့် ဖြေရှင်းဆောင်ရွက်ခဲ့မှု

၂၀၂၁ ခုနှစ်အတွင်း နိုင်ငံရေးအရ အခက်အခဲနှင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့်လည်း အခက်အခဲများဖြစ်ပေါ်ခဲ့ကြောင်း၊ အလားတူ ပြည်တွင်းလက်နက်ကိုင်များကိစ္စ အခက်အခဲများလည်း ဖြစ်ပေါ်လာသဖြင့် အကျပ်အတည်း သုံးခုကို ရင်ဆိုင်ဆောင်ရွက်ခဲ့ရကြောင်း၊ သို့ရာတွင် မိမိတို့နိုင်ငံကို ကောင်းမွန်စေလိုသည့်စိတ်မွေး၍ ပြည်သူလူထုနှင့် အစိုးရအဖွဲ့အဆင့်ဆင့်မှ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ခဲ့မှုများကြောင့် အခက်အခဲများကို ဖြေရှင်းနိုင်ခဲ့ပြီး လက်ရှိအခြေအနေသို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ မြန်မာပြည်သူလူထု၏ ကူညီလိုသည့်စိတ်၊ လှူဒါန်းလိုသည့်စိတ်နှင့် ပူးပေါင်းဆောင်ရွက်လိုသည့်စိတ်များကြောင့် ကိုဗစ် - ၁၉ ဆိုင်ရာ အခက်အခဲများကို အောင်မြင်စွာဖြင့် ကျော်ဖြတ်နိုင်ခဲ့ကြောင်း၊ အလားတူ နိုင်ငံရေးအကျပ်အတည်း၊ လုံခြုံရေးဆိုင်ရာအကျပ်အတည်းနှင့် ကိုဗစ်-၁၉ ဆိုင်ရာအကျပ်အတည်းများအကြားမှ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

**ယနေ့ ဖတ်စရာ**

**ကိုကိုးကျွန်းမှ ပြန်ခဲ့သည်**

ဆောင်းပါး စာမျက်နှာ » ၁၀



**၂၀၂၂-၂၀၂၃ ခု၊ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ် ဝင်ခွင့်လျှောက်လွှာများ ခေါ်ယူ**

စာမျက်နှာ » ၁၂

**ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၄ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၁၆ ရာခိုင်နှုန်းရှိ**

စာမျက်နှာ » ၁၇

ကြေးမုံ

# ငြိမ်းချမ်းသာယာဝပြောမှုကို တန်းတူခံစားနိုင်ရေးကြိုးပမ်း

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာသော လက်နက်ကိုင်ပဋိပက္ခများမှာ ယနေ့ထက်တိုင်အောင် မချုပ်ငြိမ်းသေးပေ။ ယုံကြည်ချက်၊ ခံယူချက်ကြောင့် သဘောထားကွဲလွဲရာမှ ဖြစ်ပေါ်လာသည့် ပဋိပက္ခများမှာ မျက်မှောက်ကာလတွင် အပြီးတိုင်ချုပ်ငြိမ်းသင့်သည့်အချိန်သို့ ရောက်နေပြီဖြစ်သည်။ နိုင်ငံတကာအလယ်တွင် တင့်တယ်စွာရပ်တည်နေထိုင်နိုင်ရန်အတွက် ငြိမ်းချမ်းရေးကို မဖြစ်မနေကြိုးပမ်းရယူကြရပေမည်။

၂၀၂၂ ခုနှစ်သည် ငြိမ်းချမ်းရေးနှစ်ဖြစ်ပြီး တစ်နိုင်ငံလုံးတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဧပြီလ ၂၂ ရက်နေ့တွင် ပြောကြားခဲ့သည်။ မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးအတွက် ခေတ်အဆက်ဆက်အစိုးရများက ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရမည်ဖြစ်သည်။ သို့သော် ငြိမ်းချမ်းရေးမှာ အလှမ်းမနီးသေးဘဲ ရှိနေသေးသည်။ လက်ရှိတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) တွင် လက်မှတ်ရေးထိုးပြီး စာချုပ်ပါအတိုင်း အလေးထားလုပ်ဆောင်လျက်ရှိသည်။

ထာဝရငြိမ်းချမ်းရေးအတွက် နိုင်ငံရေးဆွေးနွေးပွဲများကို အကြိမ်ကြိမ်ကျင်းပပြီး သဘောတူညီသည့် အချက်များရှိခဲ့သော်လည်း ငြိမ်းချမ်းရေးခရီးပန်းတိုင်နှင့် မနီးနိုင်သေးပေ။ နိုင်ငံတော်အကြီးအကဲ၏ ငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ကမ်းလှမ်းမှုသည် ယခင်နှင့်မတူ တစ်မူထူးခြားသည့် လေးနက်သောသဘောကို ဆောင်နေပေသည်။ ပြည်ထောင်စုကြီးတစ်ခုလုံး၏ အကျိုးစီးပွား၊ မိမိတို့တိုင်းရင်းသားဒေသများ၏ အကျိုးစီးပွားအတွက် အမှန်တကယ်ရှေးရှုသည်ဆိုပါက ငြိမ်းချမ်းရေးခရီး အလှမ်းနီးအောင် ရှေးရှုတက်လှမ်းကြဖို့လိုအပ်ပေသည်။ သို့မဟုတ် မိမိတို့အကျိုးစီးပွားအတွက်သာ ရှေးရှုမည်ဆိုပါက ငြိမ်းချမ်းရေးခရီးနှင့်အလှမ်းမနီးဘဲ ပဋိပက္ခသံသရာတွင် ဆက်လက်ကျင်လည်နေကြရမည်ဖြစ်သည်။

ယခုအခါ ငြိမ်းချမ်းရေးကို လိုလားသော အဖွဲ့အစည်းအများစုရှိပြီး ငြိမ်းချမ်းရေးကို သွေဖည်နေသည့် အဖွဲ့အချို့လည်း ရှိနေသည်ကို တွေ့ရပေသည်။ မည်သို့ပင်ရှိသည်ဖြစ်စေ ငြိမ်းချမ်းရေးကို မဖြစ်မနေရရှိအောင် ကြိုးပမ်းဆောင်ရွက်နိုင်ရေးအတွက် တစ်ဦးနှင့်တစ်ဦး အမြင်သဘောထားကွဲပြားမှုများကို နားလည်မှု၊ သည်းခံမှု၊ အပေးအယူ အလျှော့အတင်းရှိမှုတို့ဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် ငြိမ်းချမ်းရေးနှင့်အလှမ်းနီးအောင် ဆောင်ရွက်ပေးနိုင်ပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ယခုငြိမ်းချမ်းရေးအတွက် တွေ့ဆုံမှုသည် နိုင်ငံတော်အကြီးအကဲနှင့် တိုင်းရင်းသားခေါင်းဆောင်များ တိုက်ရိုက်ထိတွေ့ တွေ့ဆုံဆွေးနွေးခြင်းဖြစ်၍ မိမိတို့တိုင်းရင်းသားဒေသများအကျိုး၊ ပြည်ထောင်စုကြီးကောင်းကျိုးအတွက် အကောင်းဆုံး ဆောင်ကြဉ်းပေးနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

မြန်မာနိုင်ငံသည် အရောင်အသွေးမတူသည့် တိုင်းရင်းသားလူမျိုးတစ်ရာကျော် ရှေးအစဉ်အဆက်ကတည်းက အတူတကွစုစည်းနေထိုင်လာခဲ့သော နိုင်ငံဖြစ်ပါသည်။ ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုမောင်နှမအချင်းချင်းဖြစ်၍ စိတ်ဝမ်းကွဲပြားလျှင်လည်း အခိုက်အတန့်မျှဖြစ်ပြီး အားလုံးအတူလက်တွဲ နေထိုင်ခဲ့ကြပါသည်။ လွတ်လပ်ရေးမရမီကာလက ဗြိတိသျှနယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှုကြောင့် လူမျိုးစွဲ၊ ဒေသစွဲ အစွဲများဖြစ်ပေါ်ပြီး သွေးကွဲခြင်းအစဖြစ်လာခဲ့ပါသည်။ ညီညွတ်မှ ငြိမ်းချမ်းမည်။ ငြိမ်းချမ်းမှ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါသည်။ ထို့ကြောင့် ငြိမ်းချမ်းရေးသည် အဓိကဖြစ်ပြီး ငြိမ်းချမ်းရေးအတွက် နိုင်ငံရေးစားပွဲဝိုင်းတွင် ဆွေးနွေးအဖြေရှာခြင်းဖြင့် မိမိတို့လိုလားချက်များ၊ မိမိတို့ဒေသအကျိုးစီးပွားများ ပြည့်ဝလာလိမ့်မည်ဟု ယုံကြည်ပါသည်။

တိုင်းရင်းသားလူမျိုးများသည် နေရာဒေသအလိုက် ဓလေ့စရိုက်၊ ဘာသာ၊ ယဉ်ကျေးမှုများ ကွဲပြားခြားနားခွင့်ရှိပြီး ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်နိုင်ရေးသည် အဓိကလိုအပ်ချက်ဖြစ်ပါသည်။ ကွဲပြားခြားနားမှုများ မည်သို့ပင်ရှိသော်လည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ ထီးရိပ်အောက်တွင် အေးချမ်းစွာအတူယှဉ်တွဲနေထိုင်ခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။ တန်းတူညီမျှမှု၊ သာယာဝပြောမှု၊ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များအား အတူတကွခံစားနိုင်ရန်အတွက် ငြိမ်းချမ်းရေးခရီးတွင် အမုန်းမဖက်ဘဲ ပေါင်းစပ်ညှိနှိုင်းခြင်းဖြင့် ခရီးဆက်စေချင်ပါသည်။ တိုင်းရင်းသားအချင်းချင်း ခွင့်လွှတ်သည်းခံခြင်း၊ နားလည်စာနာခြင်းဖြင့် ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ပါလျှင် ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာဝပြောပြီး ကမ္ဘာ့အလယ်တွင် ဝင့်ထည်နေမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ငြိမ်းချမ်းရေးဖိတ်ခေါ်သံသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းရေးအတွက် မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် အချက်ပေးခေါင်းလောင်းသံ ဖြစ်ပါသည်။ ဖွင့်လှစ်ထားသော ငြိမ်းချမ်းရေးတံခါးသို့ အားလုံးဝင်ရောက်ခြင်းဖြင့် အားလုံးတန်းတူညီမျှခံစားနိုင်မည့် ပြည်ထောင်စုကြီးအကျိုးစီးပွား၊ မိမိတို့ တိုင်းရင်းသားဒေသများ၏ အကျိုးစီးပွားကို အမှန်တကယ်ဖော်ဆောင်နိုင်လိမ့်မည်ဟု ယုံကြည်ထားပါကြောင်း။ ။

## ဓမ္မာစရိယစာမေးပွဲ ပဋ္ဌမနေ့ ကျင်းပ

နေပြည်တော် မေ ၅

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၂ ခုနှစ် ဓမ္မာစရိယစာမေးပွဲကို ယနေ့ (ပဋ္ဌမနေ့)တွင် နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၆၃ ဌာနတို့၌ စာဖြေသံဃာတော်နှင့် သီလရှင်များ စာရင်းသွင်း ၁၁၆၄၇ ပါးအနက် ၈၄၆၁ ပါး ဖြေဆိုကြသဖြင့် ၇၂ ဒသမ ၆၅ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်လှူဒါန်း

နေပြည်တော် မေ ၅

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။



ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ တောင်တန်းသာသနာပြု (ဗဟို) ကျောင်းတိုက်သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ်ရှိ ချမ်းသာကြီးကျောင်းတိုက်သို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်ရှိ ဥတ္တမာရုံစာသင်တိုက်သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်ရှိ ရတနာရာမ ပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ မြစေတီစာသင်တိုက်သို့လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ ပစ္ဆိမာရုံကျောင်းတိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်တော်များသွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နိုင်ပြီး မုန်တိုင်းငယ်အဖြစ်အားကောင်းလာနိုင်

နေပြည်တော် မေ ၅

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတွင် နောက် ၃၆ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်ပြီး အနောက်မြောက်ဘက်သို့ရွေ့လျားကာ မုန်တိုင်းငယ်အဖြစ် တဖြည်းဖြည်းအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၅ - ၅ - ၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၇၀၀ | ၇,၇၀၀ | ၂,၃၅၃ | ၁၈,၁၁၈,၁၀၀ |
| MTSH | ၂,၆၅၀ | ၂,၆၅၀ | ၃,၀၁၁ | ၇,၉၇၉,၁၅၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၀ | ၀ |
| FPB | ၁၇,၅၀၀ | ၁၇,၀၀၀ | ၇၁၀ | ၁၂,၄၂၀,၀၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၈၀ | ၂၀၈,၀၀၀ |
| EFR | ၂,၆၅၀ | ၂,၆၅၀ | ၁ | ၂,၆၅၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၁၁၁ | ၅၅၄,၈၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၅

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၅၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၉၆၀.၁ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၇၉.၅၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၄.၂၉၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၂၅.၄၃ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၄.၂၅၉ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၃၄.၇ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၄၂.၇ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၂၆.၂ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၆.၉၆ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

**ကုန်ထုတ်လုပ်ငန်းများ** အောင်မြင်အောင်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ခဲ့ခြင်းမှာ ပြည်သူများ၏ ဆောင်ရွက်မှုနှင့် ဒေသအလိုက် တာဝန်ရှိသူ အဆင့်ဆင့်၏ ဆောင်ရွက်ခဲ့မှုများကြောင့် ဖြစ်ကြောင်း၊ အစိုးရနှင့် ပြည်သူလူထု အခက်အခဲ ဖြစ်ပေါ်စေရန်အတွက် ငွေကြေးသုံး၍ **လက်နက်၊ ခဲယမ်း၊ မိုင်း၊ ရိက္ခာ၊ ဆေးဝါးကူညီ**ဆောင်ရွက်နေသူများကိုလည်း ဖော်ထုတ်ပြီး အရေးယူဆောင်ရွက်နိုင်ခဲ့ကြောင်း။

## နိုင်ငံသားများနှင့် နိုင်ငံ့ဝန်ထမ်းများ၏ ဒီမိုကရေစီအခွင့်အရေး

မိမိတို့နိုင်ငံအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး နိုင်ငံသားအားလုံးတွင် ဒီမိုကရေစီအခွင့်အရေးများရှိကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည်လည်း နိုင်ငံသားဖြစ်သည့်အတွက် ဒီမိုကရေစီအခွင့်အရေးရှိသော်လည်း နိုင်ငံတကာအတွေ့အကြုံများ၊ မိမိတို့နိုင်ငံ၏အတွေ့အကြုံများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်နေချိန်တွင် ပါတီနိုင်ငံရေးကင်းရှင်းရန်လိုအပ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိတို့တာဝန်အလျောက် တာဝန်ထမ်းဆောင်၍ ပြည်သူများအနေဖြင့်လည်း ပြည်သူတစ်ဦးအနေဖြင့် တိကျစွာလိုက်နာနေထိုင်မည်ဆိုပါက မိမိတို့နိုင်ငံ၏ ဒီမိုကရေစီအုပ်ချုပ်ရေးယန္တရား ကောင်းမွန်လာမည်ဟု ယုံကြည်ကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့် ပြည်သူလူထုမှ ဒီမိုကရေစီအခွင့်အရေးများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိ၍ လုပ်ငန်းများဆောင်ရွက်နိုင်ရေး ဦးဆောင်မှုပေးကြရန်လိုကြောင်း။

## ပြည်တွင်း၌ PDF အမည်ခံ အကြမ်းဖက်သမားများက အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်နေမှုနှင့် ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများမှ ပါဝင်ပတ်သက်နေမှု

အကြမ်းဖက်ကိစ္စများတွင် NUG မှ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ကိုဖွဲ့စည်းခဲ့ပြီး ပြည်တွင်းပြည်ပရှိ အကြမ်းဖက်မှုကိုလိုလားသော အဖွဲ့အစည်းများ၏ အားပေး အားမြှောက်ပြုခြင်းကြောင့် အကြမ်းဖက်လုပ်ရပ်များ ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း၊ ပြည်တွင်းအဖွဲ့အစည်းများတွင် NCA ကိုချိုးဖောက်ကာ ကျင့်ဝတ်များကို လိုက်နာမှုမရှိသည့် အချို့ EAO များပါဝင်သည်ကိုတွေ့ရှိရကြောင်း၊ ၎င်းတို့၏ လုပ်ရပ်များကြောင့် နိုင်ငံအတွင်း ဆူပူဆန္ဒပြမှုများမှ တစ်ဆင့် အကြမ်းဖက်မှုအဆင့်သို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ နိုင်ငံတကာတွင် ဆန္ဒပြမှုနှင့်ဆူပူမှုများရှိသော်လည်း မိမိတို့နိုင်ငံတွင် အကြမ်းဖက်မှုများအထိ ဖြစ်ပေါ်ခဲ့ကာ ယင်းဖြစ်စဉ်များမှာ အချို့ EAO များနှင့် ပြည်ပအဖွဲ့အစည်းများကြောင့် ပေါ်ပေါက်လာခြင်းဖြစ်ပြီး အကြမ်းဖက်သတ်ဖြတ်ခြင်း၊ တိုက်ခိုက်ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်းများကို PDF အကြမ်းဖက်များက လုပ်ဆောင်လာခြင်းဖြစ်ကြောင်း၊ အချို့သော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များက PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအတွက် လိုအပ်သည့် ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများနှင့် လက်နက်ခဲယမ်းမီးကျောက်များကို ထောက်ပံ့နေသည်ကိုတွေ့ရှိရပြီး အချို့ကို ဖော်ထုတ်ဖမ်းဆီး အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံရေးဖြစ်စဉ်ကို အသုံးချ၍ အကြမ်းဖက်မှုဖြစ်စဉ်များ ဖြစ်ပေါ်လာခြင်းဖြစ်ပြီး လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်မတော်နှင့် သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ အချို့အဖွဲ့အစည်းများသည် အကြမ်းဖက်မှုကို လက်ခံမှုမရှိသည်ကို တွေ့ရှိရကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ငြိမ်းချမ်းရေးရရှိရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ ပြောကြားရာတွင် "ပြီးခဲ့တဲ့ ဖေဖော်ဝါရီလ ၁၂ ရက်နေ့က စိန်ရတုပြည်ထောင်စုနေ့ ဖြစ်ပါတယ်။ စိန်ရတုပြည်ထောင်စုနေ့ကနေပြီးတော့ လာမယ့် ဇန်နဝါရီ ၄ ရက်ဆိုရင် စိန်ရတုလွတ်လပ်ရေးနေ့ ဖြစ်လာပြီ။ ၁၉၄၇ က စာချုပ်ချုပ်ခဲ့တဲ့ ပင်လုံစာချုပ်အရ ဖြစ်လာတဲ့ပြည်ထောင်စုနေ့။ ဒီအပေါ်မှာ အဓိပ္ပာယ်အမျိုးမျိုးဖွဲ့ဆိုပြီးတော့မှ တောင်းဆိုချက်အမျိုးမျိုးကြောင့်ဖြစ်လာတဲ့ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခဟာ ၇၅ နှစ်တာကာလ ရောက်လာပြီ။ ဒီလိုပဲ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးတဲ့အချိန်မှာ။ စတာတော့ နိုင်ငံရေးသဘောထားကွဲလွဲမှု၊ ဒါ ကွန်မြူနစ်ကနေပြီးတော့ လွတ်လပ်ရေးဆိုတာ တိုက်မှရတယ်ဆိုတာ။ အဲဒါကနေပြီးတော့ ၁၉၄၈ ခုနှစ် မတ်လ ၂၈ ရက်နေ့မှာ တောခိုတာကစပြီးတော့ ကွန်မြူနစ်လက်နက်ကိုင်ပဋိပက္ခကနေစခဲ့တာသည် ပြည်တွင်းမှာ လက်နက်ကိုင်ပဋိပက္ခတွေဖြစ်လာခဲ့တာ။ အဲဒီမှာ နောက်တစ်ခါ တိုင်းရင်းသားရေးရာအခြေအနေတွေ ဆိုးလာတဲ့အခါမှာ နောက်ဆုံးတပ်မတော်မှာရှိတဲ့ အဖွဲ့အစည်းတွေတောင်မှ တချို့တောခိုတဲ့အဆင့် ရောက်လာတယ်။ တာဝန်ရှိတဲ့သူတွေ ကျွန်တော်တို့ အနားပေးခဲ့ရတာတွေရှိပါတယ်။ အဲဒီရဲ့ ဇာစ်မြစ်က ခုထိကျွန်တော်တို့ အကင်းမသေသေးပါဘူး။ ဒါကို ကျွန်တော်တို့က ဖြေရှင်းနိုင်ဖို့အတွက် ခေတ်အဆက်ဆက်လည်း ကြိုးစားခဲ့တယ်။ ဦးနု နိုင်ငံရေးတာဝန်ယူတဲ့အချိန်မှာလည်း ငြိမ်းချမ်းရေးဖိတ်ခေါ်မှုတွေ လုပ်ခဲ့တာတွေရှိတယ်။ အောင်မြင်တာတွေရှိသလို မအောင်မြင်တာတွေလည်း ရှိတယ်။ လူတွေ ထောင်နဲ့ချီပြီး လက်နက်စွန့်လွှတ်ခဲ့တာတွေလည်းရှိတယ်။ ဒါတွေကို မှတ်တမ်းထဲမှာ ပြန်ကြည့်လို့ရှိရင် တွေ့ပါလိမ့်မယ်။ အဲဒီတော့ ဗိုလ်ချုပ်ကြီးနေဝင်းတို့ တာဝန်ယူတဲ့အချိန်မှာလည်း ငြိမ်းချမ်းရေးကမ်းလှမ်းမှုတွေ လုပ်ခဲ့ပါတယ်။ အဲဒီမှာ ထင်ရှားတဲ့၊ သမိုင်းမှာ ပုံလေးတစ်ပုံ ရှိပါတယ်။ သူတို့ "ကျောခိုင်းသွားကြလေပြီ" ဆိုတဲ့ ပုံလေးနဲ့ ပေါက်ခေါင်းဘက်မှာ ဗကပတွေ ချောင်းကိုဖြတ်ပြီး ပြန်ထွက်သွားတဲ့ပုံက သမိုင်းမှာ အင်မတန်ထင်ရှားတဲ့ သာဓက တစ်ခုဖြစ်ခဲ့တယ်။ အဲဒီတော့ မူဆိုးစောဟန်သာမွှေး ဦးဆောင်တဲ့ KNC အဖွဲ့နဲ့ပဲ ငြိမ်းချမ်းရေးလက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ ဒါတော်လှန်ရေးကောင်စီ၊ ပြီးလို့ရှိရင် ကျွန်တော်တို့ လမ်းစဉ်ပါတီခေတ်မှာလည်း ဦးနေဝင်းတို့ ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး အများကြီးကမ်းလှမ်းခဲ့တာရှိတယ်။ မအောင်မြင်ခဲ့ပါဘူး။ တပ်မတော်အစိုးရတက်တဲ့အချိန်မှာတော့ ၁၉၈၉ မှာ ကျွန်တော်တို့က တစ်နိုင်ငံလုံး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ ငြိမ်းချမ်းရေးအနေနဲ့ ပစ်ခတ်တိုက်ခိုက်မှုကို ရပ်လိုက်တယ်။ စာချုပ်မချုပ်နိုင်ဘူး၊ Gentlemen agreement တွေပဲ ယူခဲ့တာ။ UWSA "ဝ"အဖွဲ့တို့၊ မိုင်းလားအဖွဲ့တို့၊ ဟိုဘက်က ဦးစခုံတိန့်ယိမ်းတို့၊ အထူးဒေသ ၁ တို့၊ ၂ တို့၊ ၃ တို့ ဒါတွေ အများကြီး ရှိခဲ့တယ်။ ငြိမ်းချမ်းရေးစာချုပ် မချုပ်နိုင်ခဲ့ဘူး။ ဒီဘက်ခေတ် ၂၀၁၅ ခုနှစ်မှာ၊ ဦးသိန်းစိန်တို့ လက်ထက်မှာ NCA စာချုပ်ချုပ်တဲ့အထိ ကျွန်တော်တို့ ရောက်လာခဲ့တယ်။ လုံးလုံးလျားလျား ပြီးလားဆိုတော့ မပြီးပါဘူး။ ၂၀၁၆ ကနေပြီးတော့ ၂၀၂၀ အထိမှာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ(၂၁ ရာစု) ပင်လုံ လုပ်ခဲ့ပါတယ်။ လာမယ့် လွတ်လပ်ရေးနေ့ဟာ စိန်ရတုဖြစ်လာပြီ။ ကျွန်တော်တို့ ခုထိ တိုင်းပြည်လည်း မငြိမ်းချမ်းဘူး။ ဒီမိုကရေစီအခွင့်အရေးကလည်း မခံစားရဘူး။ လွတ်လပ်ရေးရဲ့ အသီးအပွင့်လည်း မခံစားရဘူး။ ဒီလိုဖြစ်တဲ့အချိန်မှာ ဒါကြောင့် ကျွန်တော် ဒီနှစ်ကို ငြိမ်းချမ်းရေးနှစ်ရအောင် ကြိုးစားကြည့်မယ်ဆိုပြီးတော့ မနှစ်ကစပြီး ပြောခဲ့ပါတယ်။ ဒီနှစ်မှာလည်း ပြီးခဲ့တဲ့ ဧပြီလ ၂၂ ရက်နေ့က ငြိမ်းချမ်းရေးဖိတ်ခေါ်မှုတွေ ကျွန်တော်ပြုလုပ်ခဲ့ပါတယ်။ ကျွန်တော်တို့ ငြိမ်းချမ်းရေးတစ်ခု ဖိတ်ခေါ်လိုက်ပြီဆိုလို့ရှိရင် သူတို့တိုင်ပင်ပါရစေဦး၊ ဟိုလူက တစ်မျိုး၊ ဒီလူက တစ်မျိုးနဲ့ပေါ့။ အဖွဲ့အစည်းအတွင်းမှာလည်း အမျိုးမျိုးပေါ့၊ ခေါင်းဆောင်ကတစ်မျိုး၊ အဖွဲ့ဝင်က တစ်မျိုး၊ ဒီလိုဖြစ်နေကြတယ်။ တချို့ကျတော့လည်း လက်ခံတဲ့အဖွဲ့အစည်းလည်း ရှိပါတယ်။ ကျွန်တော်တို့ကတော့ ဘယ်သူ့သတင်းပို့ဖို့ လိုပါသေးတယ်၊ ဘယ်ကော်မတီရဲ့ ဆုံးဖြတ်ချက်ရှိဖို့လိုပါသေးတယ် စသည်ဖြင့် ဒီလိုမျိုး မျိုးစုံရှိနေတော့ ရိုးရိုးရှင်းရှင်းလေးပဲ ခင်ဗျားတို့ ကျွန်တော် ငြိမ်းချမ်းရေးဖိတ်ခေါ်တယ်။ ခေါင်းဆောင်တွေ ကိုယ်တိုင်၊ အဖွဲ့အစည်းများရဲ့ ခေါင်းဆောင်တွေကိုယ်တိုင် ကျွန်တော် တွေ့ပါမယ်။ တစ်ဖွဲ့ချင်း ကျွန်တော် တွေ့မယ်။ ခေါင်းဆောင်တွေကိုယ်တိုင် တစ်ဖွဲ့ချင်းတွေ့ပါမယ်။ အဲဒီခေါင်းဆောင်တွေလာတဲ့အခါမှာလည်း တိုင်ပင်လို့ရအောင် အဖွဲ့ဝင်နှစ်ယောက်နဲ့လာခဲ့ပါ။ ပထမဦးဆုံး ကျွန်တော်စတွေ့မယ်။ တွေ့ပြီးလို့ရှိရင် ကျွန်တော်က နိုင်ငံတော်စီမံခန့်ခွဲရေးကောင်စီအဖွဲ့ဝင် သုံးယောက်နဲ့ ဖွဲ့စည်းထားတဲ့ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့တွေနဲ့ တစ်ဖွဲ့ချင်းဆွေးနွေးမယ်။ တစ်ဖွဲ့ချင်း ဆွေးနွေးပြီး အဲဒီအပေါ်မှာရအောင် ကျွန်တော်တို့ ရှင်းလင်းပြောမှာပေါ့။ သူတို့လိုချင်တာကိုလည်း ကျွန်တော်တို့ တတ်နိုင်သလောက် ညှိနှိုင်းဆောင်ရွက်မှာပါ။ ဒါကတော့ တစ်ဖက်တည်းကနေပြီးတော့ တင်းနေလို့ မရပါဘူး။ တစ်ဖွဲ့နဲ့တစ်ဖွဲ့ ညှိနှိုင်းဖြေရှင်းရမှာပါ။ သို့သော်လည်းပဲ ကျွန်တော်တို့သည် တစ်အချက်က ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်မှာတော့ ကျွန်တော်တို့က ဖြစ်အောင်သွားရမယ်။ ကျွန်တော်တို့သွားချင်တာ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်နဲ့ ဒီမိုကရေစီနိုင်ငံတော်သွားချင်တာ။ ဒါပြည်သူတစ်ရပ်လုံးက လိုချင်တဲ့ဆန္ဒပဲ။

အဲဒီတော့ ပြန်ကြည့်လို့ရှိရင်လည်း ကျွန်တော်တို့ အုပ်ချုပ်မှုပုံစံသည် ဆင့်ကဲဆင့်ကဲ အုပ်ချုပ်မှု၊ ခွဲဝေပေးတဲ့ အုပ်ချုပ်မှုစနစ်ပုံစံမျိုးနီးပါးပဲ လုပ်တာကို ကျွန်တော်တို့ တွေ့ပါတယ်။ ဒါကြောင့် ကျွန်တော်တို့က မြန်မာနိုင်ငံနဲ့ သင့်တော်တဲ့ ဖက်ဒရယ်အုပ်ချုပ်မှုစနစ်ကိုသွားတာ ပိုကောင်းလိမ့်မယ်ဆိုတာကို ဖော်ထုတ်လို့ ရတယ်။ ဒါကြောင့် ကျွန်တော်တို့က ဒါတွေကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ သေချာနားလည်အောင် ရှင်းလင်းပြပြီးလို့ရှိရင် သူတို့ဘယ်လိုဖြစ်ချင်တာလဲ၊ ကျွန်တော်တို့က ဘယ်လို၊ တိုင်းပြည်အခြေအနေ ဒီလိုရှိတယ်၊ ရှင်းလင်းကြမယ်၊ တွေ့ကြမယ်။ သူတို့ပြောတာ ကျွန်တော် နားထောင်ပါ့မယ်။ အကုန်လုံး၊ နားထောင်ပြီးရင်လည်း ဖြစ်သင့်ဖြစ်ထိုက်တာကို ဆန္ဒနဲ့ဘဝနဲ့ ဒီလိုပြန်ပြီးတော့ ကြည့်ရမယ်။ ဒါ ငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီး။ ဒါကြောင့် ကျွန်တော်ကမ်းလှမ်းထားတာရှိပါတယ်" ဟု ပြောကြားသည်။

## တိုင်းပြည်တိုးတက်အောင် ဆောင်ရွက်နေရန် လိုအပ်မှု

ဆက်လက်၍ ကမ္ဘာကြီး၏တိုးတက်မှုသည် Moving Forward ဖြင့် သွားနေခြင်းဖြစ်ပြီး မိမိတို့တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြဲမပြတ်ကြိုးပမ်းဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ ကိုဗစ် -၁၉ ရောဂါဖြစ်ပွားမှုကြောင့် နိုင်ငံအချို့တွင် ပြည်တွင်းကုန်ထုတ်လုပ်မှုများ ကျဆင်းခဲ့သော်လည်း မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများဖြင့် ထုတ်ကုန်များကို တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ နိုင်ငံ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအဖွဲ့မှ အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိပြီး ဝင်ငွေရှိစေရေးအတွက် ရှိပြီးသားမြေပေါ်မြေအောက်သယံဇာတများနှင့် လူသားအရင်းအမြစ်များကို ထိထိရောက်ရောက် အသုံးချရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို အခြေခံဆောင်ရွက်ပြီး တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်၍ ပြည်တွင်းပြည်ပဈေးကွက်များတွင် ရောင်းချနိုင်ရန် လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းသည် မိမိတို့နိုင်ငံ၏ အခြေခံကုန်ထုတ်လုပ်မှု လုပ်ငန်းပင်ဖြစ်သဖြင့် အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြရန်လိုကြောင်း။

## နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရန် လိုအပ်မှု

နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်သည် မရှိမဖြစ်လိုအပ်ချက်ဖြစ်ပြီး ယခင်နှစ်များတွင် သာမက ယခုနှစ်တွင်လည်း လျှပ်စစ်လိုအပ်ချက်များရှိခဲ့ကြောင်း၊ အဓိကအားဖြင့် သွင်းအားစုများဖြစ်သည့် ဒီဇယ်၊ ကျောက်မီးသွေးနှင့် ဓာတ်ငွေ့များရှားပါးခြင်းနှင့် ဈေးနှုန်းမြင့်တက်လာမှုများကြောင့်ဖြစ်ကြောင်း၊ အဆိုပါ အခက်အခဲများကို ကျော်လွှားနိုင်ရန်အတွက် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရအဖွဲ့အနေဖြင့် စက်သုံးဆီသုံးစွဲမှုလျှော့ချရေးနှင့် လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေးအတွက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

## လုပ်ငန်းများတိုးတက်အောင် ဆောင်ရွက်ရန်လိုအပ်မှု

မိမိတို့နိုင်ငံ၌ အလုပ်အကိုင် အခွင့်အလမ်းများစွာရှိသော်လည်း လုပ်ငန်းများ အပြည့်အဝဆောင်ရွက်မှုမရှိသည်ကိုတွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံတွင် အသားတင် စိုက်ဧက ၃၃ သန်းကျော်ရှိသော်လည်း သီးထပ်သီးနှံစိုက်ပျိုးခြင်း နည်းပါးပြီး တစ်ရာသီသာစိုက်ပျိုးသည့် မြေဧကများ ပိုမိုများပြားကြောင်း၊ မြေသယံဇာတများကို သီးထပ်သီးနှံများ စိုက်ပျိုးနိုင်မည်ဆိုပါက ထုတ်ကုန်နှစ်ဆတိုးတက်လာမည်ဖြစ်ကြောင်း၊ အဓိကသီးနှံဖြစ်သည့် စပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများကို စိုက်ပျိုးနိုင်ရန်လိုကြောင်း၊ တစ်ရာသီသာစိုက်ပျိုးသည့် မြေနေရာများတွင် ဆီထွက်သီးနှံများကို **စာမျက်နှာ ၄ သို့** ☆

- **နိုင်ငံရေးအကျပ်အတည်း၊ လုံခြုံရေးဆိုင်ရာအကျပ်အတည်းနှင့် ကိုဗစ်-၁၉ ဆိုင်ရာ အကျပ်အတည်းများအကြားမှ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ခဲ့ခြင်းမှာ ပြည်သူများ၏ ဆောင်ရွက်မှုနှင့် ဒေသအလိုက်တာဝန်ရှိသူအဆင့်ဆင့်၏ ဆောင်ရွက်ခဲ့မှုများကြောင့်ဖြစ်**
- **မိမိတို့နိုင်ငံအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး နိုင်ငံသားအားလုံးတွင် ဒီမိုကရေစီအခွင့်အရေးများရှိ**
- **နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိတို့တာဝန်အလျောက် တာဝန်ထမ်းဆောင်၍ ပြည်သူများအနေဖြင့်လည်း ပြည်သူတစ်ဦးအနေဖြင့် တိကျစွာလိုက်နာနေထိုင်မည်ဆိုပါက မိမိတို့နိုင်ငံ၏ ဒီမိုကရေစီအုပ်ချုပ်ရေး ယန္တရားကောင်းမွန်လာမည်ဟု ယုံကြည်**

✰ စာမျက်နှာ ၃ မှ

သီးထပ်မံနေဖြင့် စိုက်ပျိုးနိုင်မည်ဆိုပါက ပြည်တွင်းဆီလိုအပ်မှုကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပြီး ပြည်ပမှဆီတင်သွင်းမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးအတွက်လိုအပ်သည့် ရေနှင့်သွင်းအားစုများရရှိအောင်လည်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးကို အခြေခံသည့် အချို့ထုတ်ကုန်ပစ္စည်းများသည်တိရစ္ဆာန်အစာအစာများ ပြန်လည်ရရှိပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အပြန်အလှန် အကျိုးပြုမည်ဖြစ်သည့်အပြင် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုများပြားလာမည်ဖြစ်ကြောင်း။

## ပြည်တွင်း၌အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိရန်လိုအပ်မှု

မိမိတို့နိုင်ငံ၌ ၂၀၁၉ ခုနှစ်တွင် ကောက်ယူခဲ့သော သန်းခေါင်စာရင်းအရ အမျိုးသမီးလူဦးရေသည် တစ်နိုင်ငံလုံးလူဦးရေ၏ ၅၃ ရာခိုင်နှုန်းရှိပြီး ၈၀ ရာခိုင်နှုန်းခန့်သည် မိခိုများဖြစ်သည်ကိုတွေ့ရှိရကြောင်း၊ အမျိုးသားများတွင်လည်း စိုက်ပျိုးရာသီချိန်ပြင်ပ၌ အခြားလုပ်ငန်းဆောင်ရွက်သူများ နည်းပါးသည့်အတွက် လူ့စွမ်းအားအရင်းအမြစ်များဆုံးရှုံးလျက်ရှိကြောင်း၊ ၎င်းတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး အစိုးရမှဖန်တီးပေးနိုင်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် တက္ကသိုလ်မှဘွဲ့ရပြီးသူသုံးသန်းခန့်ရှိကြောင်း၊ အဆိုပါတက္ကသိုလ်ဘွဲ့ရပြီးသူများအနေဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် အလယ်အလတ်လုပ်ငန်းများတွင် တတ်မြောက်ထားသည့်ပညာနှင့်လျော်ညီစွာ ပါဝင်ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို နိုင်ငံအနှံ့အပြား၌ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများ များပြားလာမည်ဆိုပါက ပြည်ပသို့သွားရောက်လုပ်ကိုင်မှုများ နည်းပါးသွားမည်ဖြစ်ပြီး နိုင်ငံအတွက် လုပ်အားဆုံးရှုံးမှုများ နည်းပါးသွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် အခြေခံမှစ၍ ဆောင်ရွက်ရမည်ဖြစ်ပြီး ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ကြရန်လိုကြောင်း။

## ပြည်တွင်းစီးပွားရေးတိုးတက်အောင် ဆောင်ရွက်ရန်အတွက် ပြည်တွင်းထုတ်လုပ်မှုများမြှင့်တင်ရန်လိုအပ်မှု

မိမိတို့အနေဖြင့် ယခုအခါကုန်သွယ်မှုပိုငွေပြနေသည်မှာ ၉ လရှိပြီဖြစ်ကြောင်း၊ ခေတ်အဆက်ဆက်တွင် ပြည်တွင်း၌ထုတ်လုပ်မှုထက် ပြည်ပမှတင်သွင်းမှုများကို ဦးစားပေးဆောင်ရွက်ခဲ့မှုအတွက် ကုန်သွယ်မှုလိုငွေများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ကြောင့် ပြည်တွင်း၌ စားကုန်၊ သောက်ကုန်နှင့် သုံးကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရန် အစိုးရအဖွဲ့က ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် ဝင်ငွေများရရှိရေး၊ အခွန်အခများအားလုံး မှန်မှန်ကန်ကန်ရရှိရေး၊ နိုင်ငံပိုင်လုပ်ငန်းများ အောင်မြင်မှုရရှိရေး သက်ဆိုင်ရာတာဝန်ရှိသူများက စနစ်တကျ ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်က ထိုက်သင့်သည့်ဝင်ငွေများရှိမှသာ ပြည်သူများ၏ အကျိုးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့် ဝင်ငွေနှင့်ထွက်ငွေ မျှတအောင် ဆောင်ရွက်ရန်လည်းလိုကြောင်း၊ ပြောင်းလဲနေသည့် ခေတ်နှင့်လိုက်လျောညီထွေဖြစ်စေရန်အတွက် ပြည်သူများ၏ လူနေမှုစနစ်များ မြှင့်တင်နိုင်ရေးအတွက် လိုအပ်သည့် ဘိလပ်မြေများနှင့် သံမဏိများ ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်နိုင်ရန်လိုကြောင်း၊ **တိုင်းဒေသကြီးနှင့် ပြည်နယ် ငါးခုတွင်** ဘိလပ်မြေနှင့် သံမဏိများ ထုတ်လုပ်နိုင်သည့် အခြေခံကုန်ကြမ်းများ များစွာရှိသဖြင့် ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်နိုင်ရေး တိုင်းရင်းသားလုပ်ငန်းရှင်များဖြင့် ရင်းနှီးမြှုပ်နှံဆောင်ရွက်နိုင်ရန် အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ခြင်းဖြင့် ပြည်ပမှတင်သွင်းမှုများ လျှော့ချနိုင်ပြီး ပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူအသုံးပြုနိုင်မည်ဖြစ်သဖြင့် လူနေမှုစနစ်များ ပြောင်းလဲသွားမည်ဖြစ်ကြောင်း၊ အလားတူ သွပ်ပြားထုတ်လုပ်မှုကိုလည်း ပြည်တွင်း၌ ဆောင်ရွက်၍ရနိုင်သည်ကို လေ့လာတွေ့ရှိရကြောင်း၊ ပြည်တွင်း၌လိုအပ်သည့် ကော်ဖီ၊ ဈေးဆီ၊ ရော်ဘာနှင့် ကတ္တရာကဲ့သို့ပစ္စည်းများကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ မြန်မာနိုင်ငံနှင့်ကိုက်ညီသည့် စက်မှုလုပ်ငန်းများဆောင်ရွက်၍ ထုတ်ကုန်များထုတ်လုပ်နိုင်ရန်အတွက် ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်များကို အားပေးဆောင်ရွက်ရန်လိုကြောင်း၊ အစိုးရတစ်ရပ်သည် နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် တာဝန်ရှိသဖြင့် ချင့်ချိန်ဆောင်ရွက်ကြရန်လိုကြောင်း။

## နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်များပေါ်ထွက်လာရန်လိုအပ်မှု

အခြေခံပညာကျောင်းများ အောင်စာရင်းထွက်ပြီး တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းသည်လည်း သတ်မှတ်ကာလအတွင်း ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် သတ်မှတ်ကာလအတွင်း အဆင့်မြင့်နှင့် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ပြီး လာမည့်ပညာသင်နှစ်အတွင်း ပညာရေးကို အားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ပညာရေးအရ အားနည်းခဲ့သည်များရှိကြောင်း၊ မိမိတို့နိုင်ငံလူဦးရေ၏ တစ်ဝက်နီးပါးခန့်သည် ပညာရေးအားနည်းလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ပညာတတ်များ ပေါ်ထွက်ဝမှသာ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရအနေဖြင့် ပညာသင်ကြားမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲမှုများ များစွာပြုလုပ်ထားကြောင်း၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပညာရေးဝန်ကြီးဌာနသာမက အခြားဝန်ကြီးဌာနများကလည်း ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ကြရန်လိုကြောင်း။

## လုပ်ငန်းများအောင်မြင်စေရေး ဆောင်ရွက်ရန်လိုအပ်မှု

လုပ်ငန်းတစ်ခု အောင်မြင်ရေးအတွက် လူမှုဆက်ဆံရေးသည် အရေးကြီးကြောင်း၊ တိုင်းပြည်နှင့်ပြည်သူကို ကိုယ်စားပြုသည့် အစိုးရတစ်ရပ်အဖြစ်ခံယူ၍ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ အဆင့်ဆင့်သော အစိုးရဝန်ထမ်းများ ပြည်သူ့ဆက်ဆံရေးကောင်းမွန်ရန်အတွက် ကြပ်မတ်ဆောင်ရွက်ပေးရန်လိုကြောင်း၊ လုပ်ငန်းများအောင်မြင်မှုရရှိရေး မိမိလက်အောက်မှ လိုက်ပါပူးပေါင်းဆောင်ရွက်နိုင်ရန် ကောင်းမွန်သည့် ခေါင်းဆောင်မှုပေးနိုင်ရန်လိုသကဲ့သို့ တည်တည်ကြည်ကြည်ဖြင့် ပြောဆိုလုပ်ကိုင်ဆောင်ရွက်ရန်လိုကြောင်း၊ အလားတူ လုပ်ငန်းများဆောင်ရွက်ရာတွင်အခက်အခဲများ မဖြစ်ပေါ်စေရေးကိန်းဂဏန်းများ မှန်ကန်မှုရှိရန်လိုအပ်ကြောင်း၊ ပြည်သူများကို အသိပေးသင့်သည့် အချက်အလက်များကို မှန်မှန်ကန်ကန်ဖြင့် ထုတ်ပြန်ပေးရန်နှင့် အစိုးရအဖွဲ့သို့တင်ပြရာတွင်လည်း ကိန်းဂဏန်းများ မှန်ကန်မှုရှိရန်နှင့် အချက်အလက်များ မှန်ကန်မှုရှိရန်အရေးကြီးကြောင်း၊ ကိန်းဂဏန်းနှင့် အချက်အလက်များ မှန်ကန်မှုရှိမှသာ မိမိတို့အစိုးရ၏ လုပ်ငန်းအောင်မြင်မှုအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် နိုင်ငံ၏ အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ရေရှည်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အားကစားစိတ်ဓာတ်သည် တိုင်းချစ် ပြည်ချစ်စိတ်ကို ဖြစ်ပေါ်စေပြီး ထိုမှတစ်ဆင့် တိုင်းပြည်ကို ကာကွယ်လိုသည့်စိတ်ဖြစ်ပေါ်စေမည်ဖြစ်သည့်အတွက် အားကစားကဏ္ဍကို အားပေးဆောင်ရွက်ရန်လိုကြောင်း၊ သို့ဖြစ်၍မိမိအနေဖြင့် ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံ့လက်ရွေးစင် အားကစားသမားများအား အောင်နိုင်ရေးအလံပေးအပ်ပွဲသို့တက်ရောက်ပြီး ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း၊ နိုင်ငံတကာပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်သည့် နိုင်ငံ့လက်ရွေးစင်အားကစားသမားများ ပြန်လည်ရောက်ရှိချိန်တွင် ထိထိရောက်ရောက်ချီးမြှင့်သွားရန်လိုအပ်ကြောင်း၊ အားကစားအောင်နိုင်ရေးအတွက် လေ့ကျင့်ခြင်းသည် နိုင်ငံတော်၏အလုပ်တာဝန်ကို ထမ်းဆောင်နေခြင်းပင်ဖြစ်သည့်အတွက် တာဝန်ရှိသူများက အသိအမှတ်ပြုနေရာပေးရန်လိုအပ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့လက်ရွေးစင်အားကစားသမားများ ဘဝအာမခံချက်ရှိစေရေးအတွက် စဉ်းစားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အားကစားကဏ္ဍအောင်မြင်ရေးအတွက် အားကစားသမားများ၏စိတ်ဓာတ်ကို မြှင့်တင်ပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများထွက်ပေါ်လာရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်၊ ဝန်ကြီးဌာနအလိုက် အားကစားပြိုင်ပွဲများကိုလည်း ကျင်းပပြုလုပ်သွားကြရန် လိုအပ်ကြောင်း။

လက်ရှိအချိန်တွင် လူငယ်လူရွယ်များအနေဖြင့် တိုင်းချစ် ပြည်ချစ်စိတ်၊ မျိုးချစ်စိတ် နည်းပါးနေသည်ကို တွေ့ရကြောင်း၊ ပြည်ပနိုင်ငံများတွင် ရောက်ရှိနေသည့် အချို့သောမြန်မာလူငယ်များ၊ အချို့သော ပြည်ပအခြေပြု မြန်မာအသိုက်အဝန်းများအနေဖြင့် တိုင်းချစ် ပြည်ချစ်စိတ်ကင်းမဲ့စွာဖြင့် နိုင်ငံတော်၏ ပကတိအခြေအနေမှန်ကို မသိရှိဘဲ နိုင်ငံရပ်ခြားမှနေ၍ တိုင်းပြည်ပျက်စီးအောင် နည်းမျိုးစုံဖြင့် ဆောင်ရွက်နေကြသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် လူငယ်လူရွယ်များအကြား တိုင်းချစ်ပြည်ချစ်စိတ်ရှိရန်နှင့် ထိုမှတစ်ဆင့် မျိုးချစ်စိတ်ရှိရန်၊ မြန်မာဟူသည့်စိတ်ရှိရန် သင်ကြား၊ ဆွေးနွေး၊ လေ့ကျင့်ပေးရန် လိုအပ်ကြောင်း။

သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် တာဝန်ရှိအဖွဲ့အစည်းများအနေဖြင့် လူငယ်လူရွယ်များအတွက် အကျင့်စာရိတ္တမြင့်မားရေးနှင့် ယဉ်ကျေးလိမ္မာမှုရှိစေရေးအတွက် ယဉ်ကျေးလိမ္မာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ရုပ်မြင်သံကြားအစီအစဉ်များမှလည်း ၃၈ ဖြာ မင်္ဂလာပညာပေးအစီအစဉ်များကို ထုတ်လွှင့်ပြသပေးလျက်ရှိကြောင်း၊ လူငယ်များ တိုင်းချစ်ပြည်ချစ်စိတ်၊ မျိုးချစ်စိတ်ရှိစေရေးအတွက် ဦးဆောင်ပုံဖော်သူများအနေဖြင့်လည်း အမျိုးသားရေးစရိုက်လက္ခဏာများနှင့် ကိုက်ညီမှုရှိရန် လိုအပ်ကြောင်း၊ ရုပ်ရှင်၊ ဂီတနှင့် ဖျော်ဖြေပွဲများအနေဖြင့် မိမိတို့နိုင်ငံ၏ အမျိုးသားရေးစရိုက်လက္ခဏာများကို မထိခိုက်ဘဲ တိုင်းချစ်ပြည်ချစ်စိတ်ရှိလာအောင် အသိပညာပေးနိုင်ရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် မကြာမီကာလတွင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ခမ်းခမ်းနားနား စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည့်အတွက် တာဝန်ရှိသူများအနေဖြင့် ကဏ္ဍပေါင်းစုံမှ ပါဝင်သင့်ပါဝင်ထိုက်သူများ ပါဝင်နိုင်ရေးနှင့် ပြိုင်ပွဲများတွင် တရားမျှတမှုရှိအောင် ကြိုတင်စီမံဆောင်ရွက်ထားရှိရန် လိုအပ်ကြောင်း၊ လူငယ်များ တိုင်းချစ်ပြည်ချစ်စိတ် ထားရှိမွေးမြူလာရန်မှာ တာဝန်ရှိသူများ၏ သမာသမတ်ကျသည့် လုပ်ရပ်များအပေါ်တွင် မူတည်ပါကြောင်း။

မိမိအနေဖြင့် ပြီးခဲ့သည့် မြန်မာ့နှစ်သစ်ကူးအခါသမယတွင် လွန်ခဲ့သည့် ၇၅ နှစ်အတွင်း တိုင်းပြည်အတွက် ကောင်းရာကောင်းကျိုးဆောင်ရွက်ခဲ့ကြသည့် အလွှာပေါင်းစုံ၊ ဌာနပေါင်းစုံမှ ချီးမြှင့်သင့်ချီးမြှင့်ထိုက်သူများကို ဂုဏ်ထူးဆောင်ဘွဲ့များ ပေးအပ်ချီးမြှင့်ခဲ့ပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် နိုင်ငံတော်၏ သမိုင်းမှတ်တမ်းတစ်ခုလည်းဖြစ်ပါကြောင်း၊ အဆိုပါ ဂုဏ်ထူးဆောင်ဘွဲ့ရရှိကြသူများကိုလည်း (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားတွင် ဖိတ်ကြားဂုဏ်ပြုသွားမည်ဖြစ်ကြောင်း၊ အလားတူ ဝန်ကြီးဌာနအလိုက် နှစ်ပေါင်းများစွာ စိတ်ရင်းစေတနာဖြင့် ဌာနအကျိုးအတွက် ဆောင်ရွက်ခဲ့ကြသူများကိုလည်း ဂုဏ်ပြုချီးမြှင့်သွားရန် လိုအပ်ကြောင်း။

နိုင်ငံတော်မှ ရသင့်ရထိုက်သော ဝင်ငွေများရရှိစေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ကြိုးစား ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တိုင်းပြည်၏ ဘဏ္ဍာငွေတိုးတက်ရရှိမှသာ နိုင်ငံ့ဝန်ထမ်းများအတွက် လိုအပ်သောထောက်ပံ့မှု၊ ပံ့ပိုးမှုများနှင့် တိုင်းပြည်အတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❍ **ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို နိုင်ငံအနှံ့အပြား၌ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများ များပြားလာမည်ဆိုပါက ပြည်ပသို့သွားရောက်လုပ်ကိုင်မှုများ နည်းပါးသွားမည်ဖြစ်ပြီး နိုင်ငံအတွက် လုပ်အားဆုံးရှုံးမှုများနည်းပါးသွားမည်ဖြစ်**

❍ **ပညာတတ်များပေါ်ထွက်ဝမှသာ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်**

❍ **တိုင်းပြည်နှင့်ပြည်သူကို ကိုယ်စားပြုသည့် အစိုးရတစ်ရပ်အဖြစ်ခံယူ၍ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ရန်လို**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စားသောက်ကုန်နှင့် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်လှစ်သင်ကြားပေးနေသည့် ကိုကိုးကျွန်းမြို့ရှိ အခြေခံပညာအထက်တန်းကျောင်းအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

☆ ကျောဖုံးမှ

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဆန်းမင်းက ကိုကိုးကျွန်းမြို့ သမိုင်းကြောင်းနှင့် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးစသည့် ဒေသဆိုင်ရာအခြေအနေများကိုရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းက သိရှိလိုသည်များမေးမြန်းပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**သိရှိနားလည်ထားရန်လို**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) က အမှာစကား ပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို သိရှိလို၍ဖြစ်ကြောင်း၊ မြို့နယ်လူထုနှင့် နိုင်ငံ့ဝန်ထမ်းများ၏ လိုအပ်ချက်နှင့် အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများကို တစ်ပါတည်း ခေါ်ဆောင်လာခဲ့ကြောင်း၊ ကိုကိုးကျွန်းသည် ရန်ကုန်မှ မိုင် ၂၀၀ ကျော်၊ ဟိုင်းကြီးကျွန်းမှ မိုင် ၁၀၀ ကျော်ခန့်အကွာ ကပ္ပလီပင်လယ်နှင့် ဘင်္ဂလားပင်လယ်အော် ဆုံချက်နေရာတွင်ရှိပြီး နိုင်ငံ၏ အနောက်တောင်အစွန်ဆုံးတွင် တည်ရှိပါကြောင်း၊ နိုင်ငံအတွက် ပထဝီအနေအထားအရ၊ လုံခြုံရေးအရ အရေးပါသော ကျွန်းပေါင်း ၁၂ ကျွန်းနှင့် ဖွဲ့စည်းထားသည့် ကျွန်းကြီးတစ်ကျွန်းဖြစ်ကြောင်း၊ ကိုကိုးကျွန်းတွင် နေထိုင်သူများအနေဖြင့်လည်း ကျွန်း၏တန်ဖိုးကို သိရှိနားလည်ထားရန်လိုကြောင်း၊ အလားတူ ကိုကိုးကျွန်းတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများသည် ရေခြားမြေခြားလျက်တည်နေရာအရ နိုင်ငံ၏ ရှေ့တန်းအကျဆုံးနေရာတွင် သည်းခံစိတ်ရှည်စွာဖြင့် တာဝန်ထမ်းဆောင်နေကြသူများဖြစ်၍ အသိအမှတ်ပြုအားပေးပါကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ချမှတ်ထားသော တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေး မူဝါဒကို အကောင်အထည်ဖော်နိုင်ရန် တစ်ဦးချင်းဝင်ငွေ ရရှိနိုင်သော အလုပ်အကိုင် အခွင့်အလမ်းများ ရရှိရန်လည်း နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကို တာဝန်ပေး၍ SME လုပ်ငန်းအဖြစ် အုန်းဆံကြိုးစက်ရုံနှင့် အုန်းနှင့်ဆက်စပ်သည့် လူသုံးကုန်ထုတ်ပစ္စည်း လက်မှုလုပ်ငန်းများ လုပ်ဆောင်ရန် သင်တန်းပေးမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လူသုံးကုန်ပစ္စည်း လက်မှုလုပ်ငန်းအတွက် သင်တန်းပေးရာတွင် ပြောင်းလဲလာသော လူနေမှုစနစ်အရ ခေတ်နှင့်လျော်ညီ၍ အမှန်တကယ်သုံးစွဲသည့် ပစ္စည်းထုတ်လုပ်နိုင်ရန် သင်တန်းပို့ချရန်လိုကြောင်း၊ သို့မှသာ ဈေးကွက်ရရှိပြီး ဝင်ငွေရရှိမည်ဖြစ်ကြောင်း အသုံးမတည့်ပစ္စည်းများ ထုတ်လုပ်ခြင်းဖြင့် လုပ်အားနှင့် အရင်းအနှီး ဆုံးရှုံးခြင်းသာ အဖတ်တင်မည်ဖြစ်ကြောင်း၊ ထို့အပြင် ဒေသမှ ထွက်ရှိသည့် ထုတ်ကုန်များကို ဈေးကွက်ရရှိအောင်လည်း မြို့နယ်မှတစ်ဆင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြကာ စီမံဖန်တီးပေးရန်လိုကြောင်း၊ အလားတူ ဒေသ၏ အားသာချက်ဖြစ်သော အုန်းသီးကြွယ်ဝစွာထွက်ရှိမှုကို အခြေခံ၍ နည်းပညာဖြင့် လူသုံးကုန်သစ်များ ထုတ်လုပ်နိုင်ရေး နည်းလမ်းရှာကြံဆောင်ရွက်ရန်လိုကြောင်း။

> ❖ ကိုကိုးကျွန်းသည် ရန်ကုန်မှ မိုင် ၂၀၀ ကျော်၊ ဟိုင်းကြီးကျွန်းမှ မိုင် ၁၀၀ ကျော်ခန့်အကွာ ကပ္ပလီပင်လယ်နှင့် ဘင်္ဂလားပင်လယ်အော် ဆုံချက်နေရာတွင်ရှိပြီး နိုင်ငံ၏ အနောက်တောင်အစွန်ဆုံးတွင် တည်ရှိ
>
> ❖ နိုင်ငံအတွက် ပထဝီအနေအထားအရ၊ လုံခြုံရေးအရ အရေးပါသော ကျွန်းပေါင်း ၁၂ ကျွန်းနှင့် ဖွဲ့စည်းထားသည့် ကျွန်းကြီးတစ်ကျွန်းဖြစ်ကြောင်း၊ ကိုကိုးကျွန်းတွင် နေထိုင်သူများအနေဖြင့်လည်း ကျွန်း၏တန်ဖိုးကို သိရှိနားလည်ထားရန်လို

**ဝိုင်းဝန်းပြင်ဆင် ဆောင်ရွက်**

ပညာရေးနှင့်ပတ်သက်၍ တိုးတက်လာသော IT ခေတ်တွင် ကျေးလက်နှင့်မြို့ပြသင်ယူနိုင်သည့် အခြေအနေမှာ များစွာကွာခြားမှုမရှိဘဲ ဆရာ ဆရာမများ၏ စေတနာ၊ ဝါသနာ၊ အနစ်နာစသည့် နာသုံးနာဖြင့် သင်ကြားပေးမှု၊ ကျောင်းသား ကျောင်းသူများ၏ တတ်မြောက်လိုမှု၊ မိဘနှင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့တို့၏ အားပေးဆောင်ရွက်မှုဖြင့် အောင်ချက်မြင့်မားလာမည်ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများ စိတ်လက်အေးချမ်းတက်ကြွစွာ ကျောင်းတက်နိုင်ရေး ကျောင်းတွင်း ကျောင်းပြင် သန့်ရှင်းရေးဆောင်ရွက်၍ ဥပမိရုပ်ကောင်းမွန်အောင် ဝိုင်းဝန်းပြင်ဆင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသဖွံ့ဖြိုးရေးနှင့် ပတ်သက်၍ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ၂၀၁၂ ခုနှစ်မှစတင်၍ အခြေခံအဆောက်အအုံ လိုအပ်ချက်များ စတင်ဖြည့်ဆည်းလာခဲ့ကြောင်း၊ ဒေသခံပြည်သူများသွားလာရေးအဆင်ပြေစေရေးအတွက် နှစ်ပတ်တစ်ကြိမ် တပ်မတော်လေယာဉ်ဖြင့် လည်းကောင်း၊ တစ်လ တစ်ကြိမ် တပ်မတော်ရေယာဉ်များဖြင့် လည်းကောင်း သယ်ယူ ပို့ဆောင်ပေးလျက်ရှိကြောင်း၊ ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးပူးပေါင်း၍ ဝိုင်းဝန်းလုပ်ဆောင်သွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က ဒေသဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ငွေများကို လည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်က စားသောက်ဖွယ်ရာများကို လည်းကောင်း ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ **စာမျက်နှာ ၆ သို့** ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကိုကိုးကျွန်းမြို့ရှိ မြို့နယ်ပြည်သူ့ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် ဒေသခံပြည်သူတစ်ဦးအား စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကိုကိုးကျွန်းမြို့ရှိ ဒေသဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ငွေပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကိုကိုးကျွန်းမြို့ရှိ အရာရှိ၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# ကိုကိုးကျွန်းမြို့သည် သင့်တင့်သောလူစည်ကားမှုနှင့်အတူ ပထဝီနိုင်ငံရေးအရ အရေးပါသောမြေနေရာအား တည်ငြိမ်မှုကို မလိုလားသော အကြမ်းဖက်အဖွဲ့အစည်းများ ထိုးဖောက်ဝင်ရောက်လာမှုမရှိအောင် လုံခြုံရေးသတိရှိနေရန်လို

**နေပြည်တော် မေ ၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူတို့ လိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် ကိုကိုးကျွန်းမြို့ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

**လုံခြုံရေးသတိရှိနေရန်လို**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီချုပ်(ကြည်း) က အမှာစကားပြောကြားရာတွင် ကိုကိုးကျွန်းမြို့၏ ဖြစ်ပေါ်တိုးတက်မှုကို အားလုံးတွေ့မြင်နိုင်မည်ဖြစ်ကြောင်း၊ သင့်တင့်သောလူစည်ကားမှုနှင့်အတူ ပထဝီနိုင်ငံရေးအရ အရေးပါသောမြေနေရာအား တည်ငြိမ်မှုကို မလိုလားသော အကြမ်းဖက်အဖွဲ့အစည်းများ ထိုးဖောက်ဝင်ရောက်လာမှုမရှိအောင် လုံခြုံရေးသတိရှိနေရန်လိုကြောင်း၊ ရေခြားမြေခြားတွင် တာဝန်ထမ်းဆောင်နေကြသူများဖြစ်၍ တပ်တွင်း၌သာမက တပ်ပြင်နှင့်ပါ တစ်သားတည်း စည်းလုံးမှုရှိအောင် နေထိုင်ခြင်းဖြင့် အကြမ်းဖက်အန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ကြောင်း၊ စည်းလုံးညီညွတ်မှုအတွက် အကောင်းဆုံးအထောက်အကူပြုမှုမှာ အားကစားပြိုင်ပွဲများဖြစ်၍ အစုအဖွဲ့ဖြင့် လူအများအပြား ပါဝင်ကစားနိုင်သော အားကစားပွဲများ ဆောင်ရွက်ပေးရန်လိုကြောင်း၊ အဆောက်အအုံ ထိန်းသိမ်းမှုနှင့်ပတ်သက်၍ စစ်သည်မိသားစုများအတွက် လိုအပ်သော အခြေခံအဆောက်အအုံများကို နိုင်ငံတော် ဘတ်ဂျက်မှ ဆောင်ရွက်ပေးထားပြီးဖြစ်၍ ရေရှည်တည်တံ့ခိုင်မြဲရေး စနစ်တကျ ထိန်းသိမ်းသုံးစွဲကြရန်လိုကြောင်း၊ လေ့ကျင့်ရေးနှင့်ပတ်သက်၍ တပ်မတော်သားများသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို အပြည့်အဝ ထမ်းဆောင်နိုင်ရန်အတွက် အမြဲလေ့ကျင့်နေရန်လိုကြောင်း၊ ၂၄ နာရီ တာဝန်ရှိသူများဖြစ်၍ နေ့ညအချိန်အခါ နေရာဒေသမရွေး လိုအပ်ချိန်တွင် တာဝန်ထမ်းဆောင်နိုင်ရမည်ဖြစ်၍ ပေါ့ပေါ့ဆဆ မနေရန်နှင့် သတ်မှတ်ပေးထားသော လေ့ကျင့်ရေးဆိုင်ရာ ကိစ္စရပ်များကို အချိန်ကာလအလိုက် ဆောင်ရွက်သွားရန်လိုကြောင်း၊ မိခင်ဌာနချုပ်များနှင့် အလှမ်းဝေးကွာသည့်နေရာတွင် တာဝန်ထမ်းဆောင်နေရသူများဖြစ်၍ ဆောင်ရွက်ရမည့် သမ္မဇဉ် လုပ်ငန်းများကို တာဝန်ရှိသူများ စနစ်တကျ စီမံခန့်ခွဲ၍ မပျက်မကွက် ဆောင်ရွက်သွားရန် လိုကြောင်း မှာကြားပြီး တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ တစ်ဦးချင်း တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးသည်။

- ❖ **ရေခြားမြေခြားတွင် တာဝန်ထမ်းဆောင်နေကြသူများဖြစ်၍ တပ်တွင်း၌သာမက တပ်ပြင်နှင့်ပါ တစ်သားတည်း စည်းလုံးမှုရှိအောင် နေထိုင်ခြင်းဖြင့် အကြမ်းဖက်အန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်မည်**
- ❖ **၂၄ နာရီ တာဝန်ရှိသူများဖြစ်၍ နေ့ညအချိန်အခါ နေရာဒေသမရွေး လိုအပ်ချိန်တွင် တာဝန်ထမ်းဆောင်နိုင်ရမည်ဖြစ်၍ ပေါ့ပေါ့ဆဆမနေရန်နှင့် သတ်မှတ် ပေးထားသော လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များကို အချိန်ကာလအလိုက် ဆောင်ရွက်**

**စာမျက်နှာ ၇ သို့ ■**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကိုကိုးကျွန်းမြို့ရှိ မြို့နယ်ပြည်သူ့ဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။

**☆ စာမျက်နှာ ၅ မှ**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အဖွဲ့ဝင်များ လိုက်ပါ၍ ကိုကိုးကျွန်းမြို့ရှိ မြို့နယ်ပြည်သူ့ဆေးရုံသို့သွားရောက်၍ ဆေးရုံတွင် တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသည့် ဒေသခံပြည်သူများကို လိုက်လံကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဆေးရုံရှိ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်းအပါအဝင် ဆေးရုံအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားရာတွင် ကျန်းမာရေးသည် အရေးအကြီးဆုံးဖြစ်၍ ရောဂါရှာဖွေကုသမှုအတွက် လိုအပ်သော ဆေးဝါးနှင့် ပစ္စည်းကိရိယာများ လုံလောက်စွာ ထားရှိရမည့်အခြေအနေ၊ ဖြည့်ဆည်းပေးထားသည့် လက်သုံးကိရိယာများကို ရေရှည်သုံးစွဲနိုင်ရန် စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းရမည့်အခြေအနေ၊ ရောဂါရှာဖွေကုသမှုအပြင် ကြိုတင်ကာကွယ်နိုင်ရန် ကျန်းမာရေးအသိပညာပေးရန် လိုအပ်သည့်အခြေအနေ၊ ဆေးရုံ၏ လိုအပ်သော အုပ်ချုပ်မှုကိစ္စများအတွက် အုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့် မြို့နေပြည်သူများ ပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်သော အခြေအနေ စသည်ဖြင့် လိုအပ်သည်များ မှာကြားပြီး ချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ကိုကိုးကျွန်းမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း၌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနက ဖွင့်လှစ်သင်ကြားပေးနေသည့် စားသောက်ကုန်နှင့် လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းသို့ သွားရောက်၍ သင်တန်းသား သင်တန်းသူများအား သင်ကြားပို့ချနေမှုကိုကြည့်ရှုပြီး သင်တန်းသားသင်တန်းသူများနှင့် တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားကာ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ ထို့နောက် အဆိုပါ စာသင်ကျောင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးကာ ကျောင်းအုပ်ဆရာမကြီးအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် အဖွဲ့ဝင်များသည် အောင်နိုင်သူ အုန်းဆံကြိုးထုတ်လုပ်မှုလုပ်ငန်းသို့ သွားရောက်ကြည့်ရှုကြပြီး သိရှိလိုသည်များကို မေးမြန်းကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

■ စာမျက်နှာ ၆ မှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) သည် အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်ရာ တာဝန်ရှိသူတို့က လက်ခံရယူကြသည်။

**ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထို့ပြင် ယနေ့နံနက်ပိုင်းတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သို့ သွားရောက်၍ ဆေးရုံ ရေယာဉ်ပေါ်တွင် ဆေးကုသမှု ခံယူလျက်ရှိသည့် ကိုကိုးကျွန်းမြို့ရှိ ဒေသခံပြည်သူများကို ကြည့်ရှုအားပေးစကားပြောကြားကာ မျက်စိခွဲစိတ်လူနာများအား ဆေးမျက်မှန်များ တပ်ဆင်ပေးပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

အဆိုပါ ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) သည် မေ ၄ ရက်မှစ၍ ကိုကိုးကျွန်းမြို့ပေါ်ရှိ ဒေသခံပြည်သူများအား လိုအပ်သောကျန်းမာရေးစောင့်ရှောက်စစ်ဆေးကုသမှုများဆောင်ရွက်ပေးခဲ့ရာ ယနေ့အထိ ဆေးကုသမှုဆိုင်ရာရောဂါ ၁၄၀၊ ခွဲစိတ်ရောဂါ ၅၀၊ ကလေးရောဂါ ၇၂ ဦး၊ သားဖွားမီးယပ်ရောဂါ ၆၃ ဦး၊ အရိုးရောဂါ ၁၀၈ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၄၂ ဦး၊ မျက်စိရောဂါ ၁၄၃ ဦး၊ သွားရောဂါ ၆၂ ဦး ဒေသခံပြည်သူစုစုပေါင်း ၆၈၀ တို့ကို ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကိုကိုးကျွန်းမြို့ နယ်မြေခံတပ်ရှိ အုန်းနှင့်အုန်းထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းတွင် လှည့်လည်ကြည့်ရှုစဉ်။

**လှည့်လည်ကြည့်ရှု**

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်ရှိ အုန်းနှင့်အုန်းထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းသို့ ရောက်ရှိကြပြီး အုန်းဆီသန့်စက်ရုံ၊ အလှဆင်ပစ္စည်းနှင့် အိမ်သုံးပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်းနှင့် အုန်းဆံကြိုးစက်ရုံတို့အတွင်း လှည့်လည်ကြည့်ရှုကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)က အုန်းထွက်ပစ္စည်းများကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှု လက်မှုလုပ်ငန်းများနှင့် ပေါင်းစပ်၍ ယခုထက်ပိုမိုထုတ်လုပ်ပြီး စီးပွားဖြစ် ထုတ်လုပ်နိုင်ရေးဆောင်ရွက်ရန် လိုအပ်သည့်အခြေအနေ၊ ထုတ်ကုန်များအား ဈေးနှုန်းသက်သာစွာဖြင့် ထုတ်လုပ်ရောင်းချနိုင်ရေး ဆောင်ရွက်ရန်လိုအပ်သည့် အခြေအနေများကို မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပင်လယ်သွား ဆေးရုံရေယာဉ် (သံလွင်)ပေါ်တွင် ဆေးကုသမှု ခံယူလျက်ရှိသည့် မျက်စိခွဲစိတ်လူနာတစ်ဦးအား ဆေးမျက်မှန် တပ်ဆင်ပေးစဉ်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့်အဖွဲ့ဝင်များသည် နယ်မြေခံတပ်ရှိ ဒေသန္တားများမွေးမြူရေးခြံ၊ ဥစားကြက်၊ အသားတိုးကြက်၊ DYLဝက်နှင့် နို့စားနွားမွေးမြူထားရှိမှု၊ ရာသီသီးနှံများ စိုက်ပျိုးမွေးမြူထားရှိမှုများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကိုကိုးကျွန်းမြို့ နယ်မြေခံတပ်ရှိ ဥစားကြက် မွေးမြူရေးခြံ၌ ကြည့်ရှုစစ်ဆေးစဉ်။






# ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ဂျပန်-မြန်မာအသင်းဥက္ကဋ္ဌ မစ္စတာဝါတာနာဘေး ဟိဒဲအို ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၅

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ဂျပန်-မြန်မာအသင်းဥက္ကဋ္ဌ မစ္စတာ ဝါတာနာဘေး ဟိဒဲအို ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ-ဂျပန်နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ Consultative Meeting တက်ရောက်ရန် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့သို့ ထွက်ခွာ

နေပြည်တော် မေ ၅


AHA Centre မှတစ်ဆင့် လှူဒါန်းမည့် လူသား ချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ (Task Force) ဥက္ကဋ္ဌ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဦးဆောင် သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယား နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ဌာန ဝန်ကြီး H.E. Mr. Prak Sokhoon ၏ ဖိတ်ကြား ချက်အရ Consultative Meeting တက်ရောက်ရန် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့သို့ ဇန်ကောက် မြို့မှတစ်ဆင့် လေကြောင်းခရီးဖြင့် ယနေ့နံနက်ပိုင်း တွင် ထွက်ခွာသွားသည်။

ခရီးစဉ်တွင် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် နှင့်အတူ မြန်မာလုပ်ငန်းအဖွဲ့ (Task Force) အဖွဲ့ဝင် များဖြစ်ကြသည့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာအေးထွန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးချမ်းအေးနှင့် သက်ဆိုင်ရာဝန်ကြီးဌာန၊ ဦးစီးဌာန တို့မှ တာဝန်ရှိသူများ လိုက်ပါခဲ့ကြသည်။

ဆွေးနွေးပွဲကို မြန်မာနိုင်ငံသို့ လူသားချင်း စာနာထောက်ထားမှုအကူအညီ ဒုတိယအဆင့် ပေးအပ်ဖြန့်ဖြူးနိုင်ရေး၊ အကူအညီများ ပေးအပ်ရာ တွင် ရှိရင်းစွဲ အာဆီယံသဘောတူညီမှု မူဘောင် အတွင်းမှ အကူအညီများ ပိုမိုပေးအပ်နိုင်ရေး ဖြစ်နိုင် သည့် နည်းလမ်းများနှင့် တူညီသော နားလည်မှုရရှိ ရေးတို့အတွက် ရည်ရွယ်၍ အဆင့်မြင့်အစည်းအဝေး တစ်ရပ်အဖြစ် ကျင်းပခြင်းဖြစ်သည်။

ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် OCHA's ၏ လူ့အခွင့်အရေးဆိုင်ရာ လက်ထောက် အထွေထွေအတွင်းရေးမှူးချုပ်နှင့် အရေးပေါ် ကယ်ဆယ်ရေးဆိုင်ရာ ဒုတိယညှိနှိုင်းရေးမှူးဖြစ်သူ Ms. Joyce Msuya ၏ မေတ္တာရပ်ခံချက်အရ ယနေ့ ညနေပိုင်းတွင် ခေတ္တတည်းခိုသည့် Sokha Hotel ၌ လက်ခံတွေ့ဆုံခဲ့သည်။ အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယ ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

သတင်းစဉ်



# သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) မျိုးစေ့ပေးအပ်ပွဲနှင့် မျိုးစေ့ကြဲပက်ပွဲ ကျင်းပ

ညောင်တုန်း မေ ၅

ဧရာဝတီ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများသည် ယမန်နေ့ မွန်းလွဲ ၁နာရီခွဲက ညောင်တုန်း မြို့နယ် ကဇန်းကျေးရွာ ကွင်းအမှတ် (၄၁၈/ ခ)၊ ဦးပိုင် အမှတ် (၂၀/၁)ရှိ လယ်မြေဧက ၄၀ တွင် ကျင်းပသည့် မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေး အတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့ပေးအပ် ပွဲနှင့် မျိုးစေ့ကြဲပက်ပွဲသို့ တက်ရောက်သည်။



တိုင်းဒေသကြီး ဝန်ကြီးချုပ် နှင့် တာဝန်ရှိသူများသည် တက်ရောက်လာကြသည့် ဒေသခံ တောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)ထည့်သွင်းစိုက်ပျိုး ခြင်းဖြင့် မြေဆီလွှာ၏ ရုပ်ဂုဏ်သတ္တိတိုးလာခြင်း၊ သွင်းအားစု ဓာတ်မြေဩဇာ လျှော့ချသုံးစွဲနိုင်ခြင်း၊ သီးနှံအရည်အသွေးတိုးတက်ကောင်းမွန်လာခြင်း စသည့် အကျိုးကျေးဇူးများကို ပြောကြားကာ တောင်သူများထံသို့ သစ်စိမ်း မြေဩဇာ(ပိုက်ဆံလျှော်)မျိုးစေ့ များ ပေးအပ်ခဲ့ပြီး မျိုးစေ့များ စုပေါင်းကြဲပက်ခဲ့သည်။**(အပေါ်ပုံ)**

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပန်းတနော်မြို့နယ် ဘဝိုင်းအုပ်စု စာဖြူစုကျေးရွာ ရန်ကုန်-ပုသိမ်ကားလမ်းဘေးရှိ တောင်သူ ဒေါ်ရင်ရင်ဌေးနှင့် တောင်သူ နှစ်ဦးပိုင်ဆိုင်သည့် လယ်ယာမြေ၁၀ ဧကတွင် သစ်စိမ်း မြေဩဇာ(ပိုက်ဆံလျှော်) စုပေါင်း ကြဲပက်၍ မျိုးစေ့များကို တောင်သူများထံ ထောက်ပံ့ပေး အပ်ပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

မြန်မာနိုင်ငံကြက်ခြေနီအသင်း
Myanmar Red Cross Society
ကမ္ဘာ့ကြက်ခြေနီနေ့
World Red Cross Day
# ကြင်နာစိတ်ထား ကြက်ခြေနီများ
လူတိုင်းအပေါ် ကူညီသွား
#Be Human KIND
၂၀၂၂ ခုနှစ်၊ မေလ(၈)ရက်။

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် မေ ၅

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

## ပန်းခင်းစီမံချက်နှင့် လုပ်ငန်းစဉ်များ လမ်းညွှန်မှာကြား

မော်လမြိုင် မေ ၅

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးလှိုင်သည် မေ ၃ ရက်က မော်လမြိုင်မြို့ မွန်ပြည်နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရုံးများမှ ဝန်ထမ်းများနှင့်တွေ့ဆုံသည်။ ထိုသို့ တွေ့ဆုံရာတွင် ဒုတိယဝန်ကြီးက မိမိတို့ဝန်ကြီးဌာနသည် အရေးကြီးသောဌာနဖြစ်ကြောင်း၊ နိုင်ငံတော် စီမံချက်ဖြစ်သည့် ပန်းခင်းစီမံချက်ကို ဝန်ထမ်းများအားလုံး သိရှိနားလည်ပြီး အားလုံးပူးပေါင်း ဆောင်ရွက်ရန်လိုကြောင်း၊ မဲဆန္ဒရှင်နှင့် မဲစာရင်းများ မှန်ကန်ရေးအတွက် သက်ဆိုင်ရာ ဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းနှင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် မိမိတို့ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

# တောင်ကြီးမြို့၌ (၇၆)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ကျင်းပ



**တောင်ကြီး မေ ၅**

(၇၆)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ယနေ့နံနက် ၈ နာရီက တောင်ကြီးခရိုင် မီးသတ်စခန်း တောင်ကြီး-ဟိုပုံးမြို့အထွက် (၂)မိုင်၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက အမှာစကားပြောကြားသည်။

**ဆုများပေးအပ်ချီးမြှင့်**

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှ ပေးအပ်ချီးမြှင့်သည့် ဂုဏ်ပြုမှတ်တမ်းလွှာရရှိသည့် တပ်ဖွဲ့ဝင်များနှင့် စခန်းသာယာလှပရေးဆုရရှိသော လားရှိုးခရိုင် မိုင်းရယ်မြို့နယ် မီးသတ်စခန်းအား ပြည်နယ်ဝန်ကြီးချုပ်က ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များက ယာဉ်မတော်တဆဖြစ်ပွားမှုအား ရှာဖွေကယ်ဆယ်ခြင်း၊ ငလျင်လှုပ်ခတ်မှုကြောင့် ဖြစ်ပေါ်လာသည့် ဘေးအန္တရာယ်များနှင့် စပ်လျဉ်း၍ ကယ်ဆယ်ရေး လုပ်ငန်းစဉ်များ စီမံခန့်ခွဲမှုကို သရုပ်ပြသခြင်း၊ Arizone Kit ကို အသုံးပြု၍ တောင်စောင်း/ချောက်ကမ်းပါးထဲသို့ ပြုတ်ကျနေသည့် လူများအား ရှာဖွေကယ်ဆယ်မှုကို သရုပ်ပြခြင်း၊ မီးသတ်ရေပိုက်ကိုအသုံးပြု၍ Water Curtain/ Water Hummer တို့ကို ဆေးရောင်စုံထည့်ကာ အလှပြသခြင်းတို့ကို သရုပ်ပြသကြပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဂုဏ်ပြုဆုငွေကျပ် ၁၀ သိန်းကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ပေးအပ်ရာ မီးသတ်တပ်ဖွဲ့ဝင်နှစ်ဦးက လက်ခံရယူသည်။

**ပြည်နယ်(ပြန်/ဆက်)**

❖



# စစ်ကိုင်းတိုင်းဒေသကြီး၌ (၇၆)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

**စစ်ကိုင်း မေ ၅**

(၇၆)နှစ်မြောက်မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနရုံးဝင်းအတွင်း၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက မီးငြိမ်းသတ်ကိရိယာများနှင့် ရှာဖွေကယ်ဆယ်ရေး ပစ္စည်းများအား လိုက်လံကြည့်ရှုပြီး တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့ဝင်များက သက်ကယ်စွမ်းရည် သရုပ်ပြသခြင်း၊ အဆင့်မြင့်မီးငြိမ်းသတ်ယာဉ်များဖြင့် သရုပ်ပြသခြင်းနှင့် သဘာဝဘေးအန္တရာယ် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ သရုပ်ပြသခြင်းများကို ကြည့်ရှုအားပေးခဲ့ကြသည်။

**တက်ရောက်**

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ အမှတ်(၂) အခြေခံပညာအထက်ကျောင်းခန်းမတွင် ကျင်းပသော ၂၀၂၂-၂၀၂၃ ပညာသင်နှစ် စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးစီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# (၇၆)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

**ရန်ကုန် မေ ၅**

(၇၆)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ် စစ်ရေးပြကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူက အမှာစကားပြောကြားသည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် တက်ရောက်လာကြသူများက မီးသတ်တပ်ဖွဲ့စွမ်းရည် သရုပ်ပြဖြစ်သော စက်သုံးဆီဆိုင်နှင့် ကွန်ဒို(၁၁)ထပ်မီးလောင်မှုအား ငြိမ်းသတ်သရုပ်ပြခြင်း၊ အထပ်မြင့်အဆောက်အအုံတွင် ပိတ်မိနေသူများအား နည်းပညာအထောက်အကူပြု ကယ်ဆယ်ခြင်း၊ 3D မီးသတ်ပိုက်ခေါင်းများနှင့်ရေဖိအားကိုအသုံးပြု၍ အကွက်ဖော်သရုပ်ပြခြင်းနှင့် ပြခန်းအတွင်း ခင်းကျင်းပြသထားသော မီးငြိမ်းသတ်ရာတွင် အသုံးပြုသည့် မီးသတ်ပစ္စည်း ကိရိယာများကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ နိုင်ငံတော်က ချီးမြှင့်သည့် ဝန်ထမ်းကောင်းတံဆိပ်ရရှိသူများ၊ အကောင်းဆုံး စစ်ရေးပြစစ်ကြောင်းနှင့် တပ်ခွဲများ၊ စံပြမီးသတ်စခန်းများ၊ မီးသတ်စစ်ချီတေး ရေးဖွဲ့သူများ၊ လုပ်သက်(၂၅)နှစ်ကျော် တာဝန်ထမ်းဆောင်ခဲ့ကြသည့် စေတနာ့ဝန်ထမ်း အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ သင်တန်းများတွင်ထူးချွန်စွာ အောင်မြင်ခဲ့သူများ၊ ဗဟိုအဆင့် မီးသတ်ကျင့်ဝတ်ဆု ရရှိသူများ၊ အကြိမ်များစွာ သွေးလှူခဲ့သည့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အလှူရှင်များအား ညွှန်ကြားရေးမှူးချုပ်နှင့် အရာရှိကြီးများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

**သတင်းစဉ်**





# သာစည်မြို့နယ်၌ (၇၆)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

**သာစည် မေ ၅**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် (၇၆)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်မီးသတ်ဦးစီးဌာန၌ ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်ကျော်က အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် မီးသတ်တပ်ဖွဲ့ဝင် ငါးဦးတို့က ဆီကန်မီးလောင်မှု မီးငြိမ်းသတ်နည်းကို သရုပ်ပြပြုလုပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အုတ်တွင်းမြို့နယ်၌ အခြေခံပန်းချီသင်တန်းဆင်းပွဲ ကျင်းပ

**အုတ်တွင်း မေ ၅**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် မြို့နယ်အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ အခြေခံ ပုံတူပန်းချီ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မူမူဝင်းက သင်တန်းများဖွင့်လှစ်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များအား ပြောကြားခဲ့ပြီး သင်တန်းနည်းပြဆရာ ဦးသက်နှင်းမောင်မောင်က အခြေခံပုံတူပန်းချီရေးဆွဲရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ကျောင်းသား ကျောင်းသူ ၄၁ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ဧပြီ ၂၅ ရက်မှ မေ ၅ ရက်အထိ အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း၊ သင်တန်းနည်းပြဆရာအား အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ပြီး သင်တန်းဆင်းလက်မှတ်များကို တာဝန်ရှိသူများက အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**

# ကိုကိုးကျွန်းမှ ပြန်ခဲ့သည်

မြင့်စိုး(နတလ)

**ကျွန်တော်နှင့် နယ်စပ်ဒေသများ**

ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်းက ခေါင်လန်ဖူးနှင့် ပန်နန်းဒင်မြို့တို့သို့ ကျွန်တော်ရောက်ခဲ့ဖူးပြီ။ ကယားပြည်နယ်ထဲက မယ်စဲ့မြို့ကိုဖြတ်ပြီး နယ်ခြားမှတ်တိုင် BP-၁၃ ထိလည်းကောင်း၊ ရွာသစ်ကိုဖြတ်ပြီး ဟွေပုံလောင်းထိလည်းကောင်း ခြေဆန့်ခဲ့ပြီးပြီ။ ကရင်ပြည်နယ်ထဲက စုကလိ၊ ဝေါလေဒေသများကိုလည်း ရောက်ခွင့်ကြုံခဲ့သလို ချင်းပြည်နယ် မြောက်ပိုင်းမြို့နယ်အားလုံး ရောက်ဖူးခဲ့သည်။ တွန်းဇံမြို့နယ်၏ မြောက်ဘက် နယ်နိမိတ်သည် မြန်မာပြည်မြေပုံတွင် အနောက်မြောက်ယွန်းယွန်းဆီက အထစ်လေးသုံးထစ်အနက် အပေါ်ဆုံးအထစ်လေး၏ အနားသတ်မျဉ်း ဖြစ်လို့နေပါသည်။

ရခိုင်ပြည်နယ်ထဲမှာလည်း မောင်တောမြို့မြောက်ဘက် မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်မျဉ်းတစ်လျှောက် အတန်ငယ်ခရီးပေါက်ခဲ့သည်။ ထိုနေရာမှာ ကားလမ်းက ပင်လယ်ကမ်းစပ်နှင့် ပူးတုံခွာတုံဖြစ်နေ၍ တစ်ခါတစ်ရံ ပင်လယ်လှိုင်းခေါင်းဖြူများကိုပင် မြင်နေရ၏။ ရှမ်းပြည်နယ်ထဲမှာတော့ တောင်ပိုင်းဒေသ မြန်မာ-ထိုင်းနယ်စပ်အနီးက ဟိုမိန်းမြို့လေးကို ၁၉၉၆ ခုနှစ်တွင် စတင်ရောက်ဖူးခဲ့သည်။ နောက်ထပ် နှစ်ကြိမ်ကြိမ်များတောင် ရောက်ခွင့်ကြုံသဖြင့် အရာရာကို မှတ်မိနေဆဲ၊ သတိရနေဆဲ။ ကိုးကန့်ဒေသမှာ တာဝန်ထမ်းဆောင်ရခိုက် မြန်မာ-တရုတ်နယ်စပ်ကိုကျော်၍ နမ့်စန်မြို့လေးအထိ သွားရောက်လည်ပတ်ဖူးတာကို မမေ့ခဲ့ပါ။

'ဝ' ဒေသ ပန်ဆန်းမြို့ကိုလည်း သုံး၊ လေး ကြိမ်မက ရောက်လိုက်သေးသည်။ နယ်စပ်ဖွံ့ဖြိုးရေးကိစ္စ၊ သံလွင်အရှေ့ခြမ်း 'ဝ'ဒေသတွင် သီတင်းသုံးနေထိုင်သော သံဃာတော်များအား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းခြင်း ကိစ္စများအတွက် ရောက်ခဲ့ခြင်းဖြစ်၏။ 'ဝ' ဒေသကို ရောက်တုန်းရောက်ခိုက် ၁၉၈၉ ခုနှစ်အထိ ဗကပဗဟိုဌာနချုပ် ပြုလုပ်ထားသောနေရာသို့ သွားရောက်လေ့လာရင်း သခင်ဗသိန်းတင် နေသောနေရာနှင့် အစည်းအဝေးခန်းမ၊ ဗိုလ်မှူးချုပ်ကျော်ဇော၊ ရဲဘော်သံချောင်း၊ ရဲဘော်သန်းရွှေတို့ နေထိုင်ရာ အိပ်ဆောင်လေးများအား လိုက်လံကြည့်ရှုခဲ့ရသည်။ သွေးချင်းတို့၏ နာဂဒေသထဲမှာတော့ လေရှီးကိုသွားရင်း အိန္ဒိယနယ်စပ်နှင့်နီးသည့် ဆွမ္မရာမြို့လေးဆီကို ရောက်အောင်သွားခဲ့သလို နန်းယွန်းမြို့နယ်ထဲက သွားရလာရခက်ခဲသော တကားကျေးရွာသို့လည်း ရောက်ခဲ့သည်။

ထိုသို့ထူးထူးခြားခြား နယ်စပ်ဒေသမြို့ရွာလေးများဆီကို ကျွန်တော် ရောက်ခွင့်ကြုံခဲ့သည်။ အလွန်သွားချင်သော မော်ဖဒေသ၊ မက်မန်းမြို့လေးသည် ပင်လျှင် သုံးခေါက်မြောက် ရောက်ဖို့အထိ အခွင့်အရေးရခဲ့သည်။ တစ်နည်းပြောရလျှင် စိတ်သွားတိုင်း ကိုယ်ပါလျက် လိုရာခရီးကို နှင်နိုင်ခဲ့သည်ဟုဆိုရပေမည်။ သို့သော် မြို့လေးတစ်မြို့ကိုတော့ဖြင့် ကျွန်တော် ရောက်ဖို့ရာ ဘယ်တုန်းကမှ မျှော်လင့်မထားသလို တစ်ချိန်ချိန် ရောက်သွားလိမ့်မည်ဟုလည်း မည်သည့်အခါကမျှ မျှော်လင့်မထားခဲ့ပါ။ ယခုတော့ ရောက်ခွင့်ကြုံခဲ့ပြီ၊ ရောက်ခဲ့ရပြီ၊ စိတ်ထဲတွင် အလွန်ပဲအံ့ဩခဲ့ရပါသေးသည်။ ထိုမြို့လေးကား အခြားမဟုတ်ပါ။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကိုကိုးကျွန်းမြို့လေးပင် ဖြစ်တော့သည်။

**ကိုကိုးကျွန်းသို့ ခရီးနှင်**

၂၀၂၂ ခုနှစ် ဧပြီလ ၂၁ ရက်နေ့ နံနက် ၈ နာရီခွဲအချိန်တွင် တပ်မတော်လေယာဉ်ကြီးသည် ကိုကိုးကျွန်းသို့ လိုက်ပါမည့် ဝန်ထမ်းများ၊ တပ်မတော်သား မိသားစုဝင်များအား တင်ဆောင်လျက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အားယူရုန်းထပျံသန်းခဲ့သည်။ ကနဦး မြင်နေရသည့် ရန်ကုန်ဒေသမြင်ကွင်းများက ကျွန်တော့်အတွက် သိပ်မထူးဆန်းလှ၊ မကြာခဏ မြင်ဖူးနေကျမြင်ကွင်းများဖြစ်သည်။ ထိုမှ မြစ်ဝကျွန်းပေါ်ဒေသကို ဖြတ်သောအခါ မြစ်ကြီးမြစ်ငယ် အသွယ်သွယ်တို့ကို လေယာဉ်ပြတင်းပေါက်မှ လှမ်း၍မြင်နေရသည်။ နာရီဝက်ခန့်အကြာမှာတော့ လေယာဉ်က ပင်လယ်ပြင်ကြီးပေါ်မှ စတင်ဖြတ်သန်းနေပေသည်။ မြင်ကွင်း သိပ်မကောင်းသေးပါ။ သို့သော် နောက်ထပ်နာရီဝက်ခန့် ပျံသန်းပြီးသည်နှင့် လေယာဉ်ဘီးချသံ ကြားလိုက်ရ၍ အောက်သို့ ငုံ့ကြည့်လိုက်မိသည်။

အရှေ့ဘက်ဆီက ဖြာကျလာသော နေရောင်ခြည်အောက်တွင် ပင်လယ်လှိုင်းကြက်ခွပ်လေးများက တဖျပ်ဖျပ် လူးလွန့်နေသည်။ မကြာမီ လေယာဉ်သည် ကိုကိုးကျွန်းလေဆိပ်သို့ ဆင်းတော့မည်။ ခရီးသည်အများစုကတော့ တပ်မတော်သားမိသားစုများ ဖြစ်သည်။ ဝန်ထမ်းထဲမှာ အခြားဌာနမှ ဝန်ထမ်းများ ပါကောင်းပါပါလိမ့်မည်။ ကျွန်တော်တို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အနေဖြင့်မူ ကျွန်တော်နှင့်အတူ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဒုညွှန်ချုပ် ဦးကျော်ဇင်လတ်၊ ညွှန်ကြားရေးမှူး ဦးသက်နိုင်ဦး၊ အင်ဂျင်နီယာမှူးကြီး ဦးထွန်းလင်းဦး၊ လ/ထ ညွှန်ကြားရေးမှူး ဒေါ်သိန်းငွေ၊ စက်မှုကျွမ်းကျင်-၂ ဦးဇင်မင်း၊ နည်းပြဒေါ်မေဇင်ခိုင်တို့ ခြောက်ဦး လိုက်ပါလာခဲ့သည်။

**ကိုကိုးကျွန်းဒေသဆိုသည်မှာ**

ကိုကိုးကျွန်းသည် ၁၉၃၈ ခုနှစ်တွင် ဗြိတိသျှဂျေဝက်ကုမ္ပဏီမှ အိန္ဒိယလုပ်သားများ ခြေချခဲ့ဖူးသောနေရာ၊ ၁၉၄၂-၁၉၄၅ ကာလအတွင်း ဖက်ဆစ်ဂျပန်တို့၏ အခြေစိုက်စခန်းနေရာဖြစ်ခဲ့ပြီး ၁၉၄၈ ခုနှစ်မှစ၍ နိုင်ငံတော်၏ အချုပ်အခြာအာဏာ အောက်သို့ ပြန်လည်ရောက်ရှိခဲ့သည်။

ပထဝီအနေအထားအရ ကိုကိုးကျွန်းမြို့နယ်သည် တောင်မှမြောက်သို့ ခုနစ်မိုင်ခန့် ရှည်လျားပြီး စတုရန်း မိုင်အားဖြင့် ၁၄ ဒသမ ၅၆ မိုင်ခန့် ရှိနေပါသည်။ မြောက်ဘက်တွင် ဘင်္ဂလားပင်လယ်အော်၊ စလစ်ပါ (ဘိနပ်)ကျွန်း၊ မင်္ဂလာ(မီးပြ)ကျွန်းတို့နှင့် နယ်နိမိတ်ချင်း ထိစပ်နေပြီး အရှေ့ဘက်တွင် ကပ္ပလီပင်လယ်၊ ကြွက်ကျွန်း၊ တောင်ဘက်တွင် ကပ္ပလီပင်လယ်၊ ဂျယ်ရီကျွန်းနှင့် အိန္ဒိယနိုင်ငံပိုင် အက်ဒမန်ကျွန်းစုတို့နှင့် ထိစပ်နေသည်။ အနောက်ဘက်တွင်မူ ဘင်္ဂလားပင်လယ်အော်၊ ကိုကိုးလေးကျွန်းတို့ တည်ရှိနေကြောင်း တွေ့မြင်ခဲ့ရသည်။ ပင်လယ်ရေ မျက်နှာပြင်အထက် ပျမ်းမျှ ၁၂ ပေရှိပြီး အမြင့်ဆုံးနေရာမှာ အမြင့် ၃၆၆ ပေရှိ ရွှေရင်စို့တောင် ဖြစ်ပါသည်။

ကိုကိုးကျွန်းမြို့လေး၌ ရပ်ကွက်နှစ်ခုအတွင်း အိမ်ခြေ ၃၃၄ လုံး၊ အိမ်ထောင်စု ၃၅၁ စုရှိကာ စုစုပေါင်းလူဦးရေ ၁၂၄၄ ဦး နေထိုင်လျက်ရှိသည်။ ဗမာတိုင်းရင်းသားများ အများဆုံးနေထိုင်ကာ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း တိုင်းရင်းသားများကိုလည်း တွေ့နိုင်ပါသည်။ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းမင်း၏ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အပါအဝင် ဌာနပေါင်း ၂၀ တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ စုစုပေါင်းဝန်ထမ်းအင်အားမှာ ၁၈၉ ဦး ဖြစ်၏။ မြို့နေလူထုသည် ရေလုပ်ငန်းနှင့် အဓိကအသက်မွေးဝမ်းကျောင်းပြုပြီး လမ်းပန်းဆက်သွယ်ရေးအရလည်း ရေလမ်းကိုသာ အားထားကြရသည်။ အိမ်တွင်း စိုက်ပျိုးရေးလုပ်ငန်းအနေဖြင့် ဥယျာဉ်ခြံသီးနှံစိုက်ဧက ၁၂၆၀ ခန့် ရှိပါသည်။ မြို့ရေပေးရေးအတွက် ကိုကိုးရေလှောင်တမံသည် ရေဝင်ဆံ့မှု ၂၄၅ ဧက ရှိပါသည်။ မြို့နှင့် ဌာနဆိုင်ရာရုံး၊ ကျောင်း၊ ဆေးရုံတို့အတွက် ရေလုံလောက်မှုရှိသည့်အပြင် ဥယျာဉ်ခြံမြေ ၄၉ ဧကသို့ ရေပေးဝေနိုင်ခဲ့ပါသည်။

စာမျက်နှာ ၁၁ သို့

- **ကိုကိုးကျွန်းမြို့လေး၌ ရပ်ကွက်နှစ်ခုအတွင်း အိမ်ခြေ ၃၃၄ လုံး၊ အိမ်ထောင်စု ၃၅၁ စုရှိကာ စုစုပေါင်းလူဦးရေ ၁၂၄၄ ဦး နေထိုင်လျက်ရှိသည်။ ဗမာတိုင်းရင်းသားများ အများဆုံးနေထိုင်ကာ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်းတိုင်းရင်းသားများကိုလည်း တွေ့နိုင်**
- **ဂျယ်ရီကျွန်းဘက်သို့လည်း လှမ်းမျှော်ကြည့်ရှုရင်း တစ်ချိန်က အကျဉ်းကျခံရသူများ၏ ပုံရိပ်များကို ပြန်လည်မှန်းဆ သတိရမိပါသေးသည်။ ကိုကိုးကျွန်းမှ လေယာဉ်ပြန်အတက်တွင်မူ မြို့ရေပေးရေးကို အထောက်အကူပေးနေသည့် ကိုကိုးရေလှောင်တမံကို လှမ်း၍မြင်ရ၏။ ထို့ပြင် သမိုင်းဝင်မင်္ဂလာ(မီးပြ)ကျွန်းကိုလည်း မြင်ခွင့်ရ**



ကိုကိုးကျွန်းမြို့နယ်ရှိ ပင်လယ်ကမ်းခြေ ရှုခင်းများကို တွေ့ရစဉ်။

❂ စာမျက်နှာ ၁၀ မှ

**အုန်းထွက်ပစ္စည်းများ စီးပွားဖြစ်ထုတ်လုပ် သက်သာစွာရောင်းချနိုင်ရေး**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်ခရီးစဉ်အတွင်း "ကိုကိုးကျွန်းမြို့နယ်တွင် အဓိကထွက်ရှိသော အုန်းထွက်ပစ္စည်းများအား သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစား စက်မှုလက်မှုလုပ်ငန်းများနှင့် ပေါင်းစပ်၍ ယခုထက်ပိုမို စီးပွားဖြစ်ထုတ်လုပ်နိုင်ရေး၊ ထုတ်ကုန်များအား ဈေးနှုန်းသက်သာစွာ ရောင်းချနိုင်ရေးဆောင်ရွက်ရန်" လမ်းညွှန်ခဲ့ပါသည်။ ယင်းလမ်းညွှန်ချက်အရ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းတိုးက ကြီးကြပ်၍ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့တော်ခန်းမတွင် အုန်းသီးအခြေခံ တန်ဖိုးမြှင့်စားသောက်ကုန်နှင့် လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းကို ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့မှ စတင်ကာ ရက်သတ္တနှစ်ပတ်ကြာ သင်ကြားပို့ချပေးခဲ့သည်။

ကိုကိုးကျွန်းမြို့မှ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းဆောင်ရွက်လိုသော ဒေသခံပြည်သူများ၊ နယ်မြေခံတပ်မှ မိသားစုဝင်များ တက်ရောက်ခဲ့ကြရာ အုန်းသီးအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်နှင့် လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းတွင် သင်တန်းသား သင်တန်းသူ ၂၁ ဦး၊ အုန်းအမာခွံ လက်မှုထည်ထုတ်လုပ်မှု နည်းပညာသင်တန်းတွင် သင်တန်းသား သင်တန်းသူ ရှစ်ဦး စုစုပေါင်း ၂၉ ဦး တက်ရောက်ခဲ့ကြသည်။ ဒုညွှန်မှူး ဒေါက်တာကြူကြူလှိုင်၊ ဦးစီးအရာရှိ ဒေါ်ဖြိုးဖြိုးအောင်၊ ဒေါ်လင်းလင်းသန္တာအောင်၊ လ/ထ အင်ဂျင်နီယာ ဒေါ်ဌေးဌေးဝေ၊ လက်မှုကျွမ်းကျင် ဦးလင်းပိုင်ဟိန်းတို့က ကြီးကြပ်သင်ကြား လေ့ကျင့်ပေးခဲ့ရာ ဘာသာရပ်အမျိုးမျိုးရှိသည့်အနက် ဒေသနှင့် ကိုက်ညီသော ငါးမုန့်ခြောက်၊ အုန်းသီးဝိုင်၊ အုန်းဂျယ်လီ၊ တာရှည်ခံအုန်းသီးဖျော်ရည်၊ အုန်းရှာလကာရည်၊ အုန်းသီးရေခဲမုန့်၊ အုန်းသီးပေါင်မုန့်အမျိုးမျိုး၊ အုန်းသီးကိတ်မုန့်အမျိုးမျိုး၊ အုန်းသီးကွတ်ကီးနှင့် ကိတ်ခြောက်အမျိုးမျိုး၊ အုန်းသကြား၊ အုန်းသီး syrup စသည့် တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်နည်းများ၊ ဆပ်ပြာခဲအမျိုးမျိုး၊ ရေချိုးဆပ်ပြာရည်၊ ခေါင်းလျှော်ရည်၊ ပရုတ်ဆီ ကဲ့သို့သော လူသုံးကုန်ပစ္စည်းထုတ်လုပ်ခြင်းများ၊ သော့ချိတ်၊ ဓာတ်ပုံဘောင်၊ အပူခံပြား၊ ဖုန်းထည့်အိတ်၊ သောက်ရေခွက်၊ ဆံထိုး၊ ကမ်းခြေဆောင်းအုန်းလက်ဦးထုပ်၊ ရေနွေးအိုး၊ ရွက်လှေ၊ ဇီးကွက်ရုပ် စသော အုန်းအမာခွံလက်မှုထည်လုပ်ငန်းများကို သင်ကြားပေးခဲ့သည်။




ကိုကိုးကျွန်းမြို့ရှိ သာသနာ့မဏ္ဍိုင်ဘုန်းတော်ကြီးကျောင်းကို တွေ့ရစဉ်။

ယင်းသင်တန်းဆင်း သင်တန်းသားများသည် ဒေသအတွင်း ပေါများစွာထွက်ရှိသော အုန်းသီးများအား အခြေခံ၍ တန်ဖိုးမြှင့်စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများအား စနစ်တကျ ထုတ်လုပ်နိုင်ပြီး ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါသည်။ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်ရာ၌လည်း ဘေးအန္တရာယ်ကင်းရှင်းစွာ စနစ်တကျ လုပ်ကိုင်လာနိုင်မည် ဖြစ်ပါသည်။ ၎င်းအပြင် ဈေးကွက်စီးပွားရေးခန့်ခွဲမှုနှင့် ထုပ်ပိုးမှုနည်းလမ်းများ၊ စားသောက်ကုန်ထုတ်လုပ်မှုဆိုင်ရာ လိုက်နာရမည့်အချက်များကိုပါ လေ့လာသိရှိနိုင်မည် ဖြစ်ပေသည်။ သင်တန်းဆင်းပြီး လုပ်ငန်းလုပ်ကိုင်လိုသူများအတွက် လိုအပ်သော စက်ပစ္စည်းများကိုပါ ကူညီပံ့ပိုးပေးခဲ့သည်။

**အုန်းဆံကြိုးသင်တန်း ထပ်မံဖွင့်လှစ်မည်**

ကျွန်တော်တို့အဖွဲ့ ကိုကိုးကျွန်းသို့ မသွားရောက်မီ ရက်အနည်းငယ်အလို၌ အုန်းဆံကြိုးစက်ရုံအတွက် လိုအပ်သော စက်ပစ္စည်း လေးမျိုးကို သင်္ဘောဖြင့် ကြိုတင်ပေးပို့ထားပါသည်။ ယင်းစက်ပစ္စည်းများ တပ်ဆင်ပြီးလျှင် အုန်းဆံကြိုး အခြေခံလူသုံးကုန်ပစ္စည်းများ ထုတ်လုပ်သည့်သင်တန်းကို ဆက်လက်သင်ကြား ပို့ချပေးသွားမည်ဖြစ်သည်။ ယင်းသင်တန်း တက်ရောက်မည့် သင်တန်းသား၊ သင်တန်းသူများလည်း အသင့်ရှိနေပြီဖြစ်ပါသည်။ ဆရာမကြီး ဒေါ်သိန်းဌေး၊ ဦးဇင်မင်း၊ နည်းပြ ဒေါ်မေဇင်ခိုင်တို့က သင်ကြားလေ့ကျင့်ပေးသွားပါမည်။ အုန်းဆံကြိုးစက်ရုံအတွက် တည်ဆောက်ထားသည့်နေရာသို့ သွားရောက်ကြည့်ရှုခဲ့ပြီး ထိုမှတစ်ဆင့် ယခင်သင်တန်းဆင်း ဦးမျိုးနိုင်၏ 'ပြည့်စုံ' စားသောက်ကုန်လုပ်ငန်းတွင် ယိုထုတ်လုပ်မှုနှင့် ရေခဲမုန့်ပြုလုပ်နေသူများကို သွားရောက်ကြည့်ရှုကာ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ပါသည်။ အချိန်အနည်းငယ်ရသေးသဖြင့် ကိုကိုးကျွန်း ရေတပ်အခြေစိုက်စခန်းက ဖွင့်လှစ်ထားသော အုန်းဆံကြိုးစက်ရုံ၊ အိမ်သုံးပစ္စည်းများ၊ အလှဆင်လက်မှုပစ္စည်းများ ထုတ်လုပ်နေမှုကို လေ့လာကြည့်ရှုခဲ့ကြသည်။

**ကိုကိုးကျွန်းမှ ပြန်ခဲ့သည်**

ကိုကိုးကျွန်းမြို့လေးမှာ အချိန်ပိုင်းသာ နေခွင့်ရခဲ့သည်။ ရသည့်အချိန်လေးမှာပင် ဒေသခံများ၊ သင်တန်းတက်ရောက်မည့်သူများနှင့် တွေ့ဆုံ၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အား အကောင်အထည်ဖော်နိုင်ရေး၊ ဝန်ကြီးဌာန၏ မူဝါဒ၊ လုပ်ငန်းစဉ်များ အောင်မြင်ရေး ညှိနှိုင်းဆောင်ရွက်ခဲ့သည်။ ကားလမ်းဝဲ၊ ယာတစ်လျှောက် မြင်တွေ့နေရသော ရုံးများ၊ လူနေအိမ်များကို ငေးမောကြည့်ရှုခဲ့၏။ ပြန်/ဆက်ရုံးတွင် စာကြည့်တိုက်တစ်ခု၊ ပညာရေးဌာနတွင် စာကြည့်တိုက်တစ်ခုရှိကြောင်း သိရ၍ အဘဦးညွှန့်ဆွေ (ဒုဝန်ကြီး-ငြိမ်း) တို့၏ မြန်မာနိုင်ငံစာကြည့်တိုက်များအသင်း ဖောင်ဒေးရှင်းနှင့် ဆက်သွယ်ကာ စာအုပ်စာစောင်များ လှူဒါန်းနိုင်မည်ဟု ဖျတ်ခနဲအတွေးဝင်မိ၏။ ကိုကိုးကျွန်းမြို့၏ တစ်ကျောင်းတည်းသော သာသနာ့မဏ္ဍိုင် ဘုန်းတော်ကြီးကျောင်းရှေ့သို့အရောက် လက်အုပ်ချီမိုးရှိခိုးခဲ့ပါသေးသည်။ (၄)မိုင် ကမ်းခြေနေရာလေးသည်ကား မြို့သူမြို့သားများ အပန်းဖြေရေချိုးဆိပ်နေရာဖြစ်ကြောင်း သိရသည်။ ကြည့်ရသည်မှာ သာသာယာယာ နေရာလေးတစ်ခုပါပေ။

ဂျယ်ရီကျွန်းဘက်သို့လည်း လှမ်းမျှော်ကြည့်ရှုရင်း တစ်ချိန်က အကျဉ်းကျခံရသူများ၏ ပုံရိပ်များကို ပြန်လည်မှန်းဆ သတိရမိပါသေးသည်။ ကိုကိုးကျွန်းမှ လေယာဉ်ပြန်အတက်တွင်မူ မြို့ရေပေးရေးကို အထောက်အကူပေးနေသည့် ကိုကိုးရေလှောင်တမံကို လှမ်း၍မြင်ရ၏။ ထို့ပြင် သမိုင်းဝင် မင်္ဂလာ(မီးပြ)ကျွန်းကိုလည်း မြင်ခွင့်ရလိုက်သည်။ ပင်လယ်ရေပြင်ပေါ်မှဖြတ်၍ ပျံသန်းနေခိုက် ကိုကိုးကျွန်းမြို့လေးက ဝေး၍ဝေး၍ ကျန်ခဲ့သည်။ သို့သော် ယင်းဒေသငယ်လေးအား မျှော်မှန်းချက်များနှင့်အညီ ဖွံ့ဖြိုးတိုးတက်စေလိုသည့် ဇောစေတနာကမူ ကျွန်တော့်ရင်ထဲတွင် ငြိတွယ်လိုက်ပါလာခဲ့သည်။ ပြန်လည်ဆုံတွေ့ကြပါဦးစို့။ ။




ကိုကိုးကျွန်းမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းကို တွေ့ရစဉ်။



ကိုကိုးကျွန်း ရေလှောင်တမံ။

# (၂၉)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ အကြိုအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် မေ ၅

(၂၉)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ အကြိုအလုပ်ရုံဆွေးနွေးပွဲ (Pre-conference Workshop)ကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ၌ ကျင်းပသည်။



အဆိုပါ ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲသို့ တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)မှ တပ်မှူးဗိုလ်မှူးချုပ် ကျော်ဇင်ညွန့်၊ တပ်မတော်ဆေးတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ် ခင်အောင်ထွန်းနှင့် ဌာနမှူးများ၊ ကျန်းမာရေးဝန်ကြီးဌာန ဆေးတက္ကသိုလ်များမှ အရိုးရောဂါဆေးပညာဌာန ပါမောက္ခ၊ ဌာနမှူးများနှင့် အလုပ်ရုံဆွေးနွေးပွဲတွင်ပါဝင်မည့် သင်တန်းသားများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ဆေးတက္ကသိုလ် ပါမောက္ခချုပ်က အဖွင့်အမှာစကား ပြောကြားပြီး အကြိုအလုပ်ရုံဆွေးနွေးပွဲ (Pre-conference Workshop) ကို "AO PRINCIPlE OF FRACTURE FIXATION BASIC COURSE" ခေါင်းစဉ်ဖြင့်ပြုလုပ်သည်။ ဆေးပညာသင်ကြားရေး ဌာနမှ ဂုဏ်ထူးဆောင် ပါမောက္ခများ၊ ဌာနမှူးများက နံနက်ပိုင်း အစီအစဉ်တွင် ဦးဆောင်ဆွေးနွေးကြပြီး မွန်းလွဲပိုင်းတွင် သင်တန်းသားများက အုပ်စုခွဲလေ့ကျင့်ခန်း ပြုလုပ်ကာ အုပ်စုအလိုက် Presen-tation များတင်ပြကြသည်။

ထို့ပြင် တပ်မတော်ဆေးတက္ကသိုလ် Theatre ခန်းမ၌ "IMPLEMENTING APPROPRIATE STANDARD SETTING IN DSMA" ခေါင်းစဉ်ဖြင့် မေ ၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ၎င်းအပြင် (၂၉)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကို နေပြည်တော်ရှိ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)နှင့် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိတပ်မတော် အရိုးရောဂါ အထူးကု ဆေးရုံကြီး (ခုတင်-၅၀၀)တို့၌ မေ ၉ ရက်မှ ၁၁ ရက်ထိ Hybird စနစ်ဖြင့်ကျင်းပသွားမည်ဖြစ်ပြီး နေပြည်တော်နှင့် ရန်ကုန်မြို့ရှိ တပ်မတော်ဆေးရုံ/ဆေးတပ်များမှ လူကိုယ်တိုင် တက်ရောက်၍ လည်းကောင်း၊ အခြားတပ်မတော် ဆေးရုံ/ဆေးတပ်များမှ Online စနစ်ဖြင့် လည်းကောင်း ပါဝင်ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၂-၂၀၂၃ခု၊ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ် ဝင်ခွင့်လျှောက်လွှာများ ခေါ်ယူ

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**
**၂၀၂၂-၂၀၂၃ခု၊ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ် ဝင်ခွင့်လျှောက်လွှာများ ခေါ်ယူခြင်း**

အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံတို့တွင် ၂၀၂၂-၂၀၂၃ ခု၊ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ်သင်တန်းသားများကို ခေါ်ယူမည်ဖြစ်ပါသဖြင့် ဝင်ခွင့်လျှောက်လွှာများကို အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၌ (၁၂-၅-၂၀၂၂) ရက်တွင် စတင်ထုတ်ယူနိုင်ပြီး လျှောက်လွှာများကို (၃၁-၅-၂၀၂၂) ရက် နောက်ဆုံးထား၍ မိမိတို့ တက်ရောက်လိုသည့် ကျောင်းသို့ ပြန်လည်တင်သွင်းရမည် ဖြစ်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

## သီပေါမြို့သီပေါသီတဂူစက္ခုဒါနဆေးရုံတော်၌ မျက်စိဝေဒနာရှင်များအား ခွဲစိတ်ကုသပေးမည်

သီပေါ မေ ၅

ရှမ်းပြည်နယ်( မြောက်ပိုင်း) သီပေါမြို့ မဟာမြတ်မုနိဘုရားကြီး ပရိဝုဏ်အတွင်း၌ ဖွင့်လှစ်ထားသည့် သီပေါသီတဂူစက္ခုဒါန ဆေးရုံတော်ကို မျက်စိဝေဒနာရှင်များအတွက် မေ ၂၄ ရက်မှ ၂၉ ရက်အထိ လက်ခံကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မျက်စိကုသမှုခံယူမည့်သူများကို မေ ၂၄ ရက်မှ ၂၅ ရက်အထိ နှစ်ရက်တာ စမ်းသပ်စစ်ဆေးပေးမည်ဖြစ်ပြီး မေ ၂၆ ရက်မှ ၂၉ ရက်အထိ စမ်းသပ်စစ်ဆေးပေးထားသော မျက်စိဝေဒနာရှင်များအား ခွဲစိတ်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သီပေါကိုလတ်**

## ၂၀၂၂ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွတ်တန်း ဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲအတွက် ဖိတ်ခေါ်ခြင်း

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၂၂ ခုနှစ် ဇွန် ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ကို** "တစ်ခုတည်းသော ကမ္ဘာမြေ (Only One Earth)" ဆောင်ပုဒ်ဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ကျွန်ုပ်တို့သည် သဘာဝတရားနှင့်အညီ ရေရှည်တည်တံ့ခိုင်မြဲစွာ နေထိုင်ရန်လိုအပ်ကြောင်း၊ မူဝါဒများနှင့် တစ်ဦးချင်းစီ၏ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေစွာ နေထိုင်နိုင်မည့် နည်းလမ်းရွေးချယ်မှုများမှတစ်ဆင့် ပိုမိုစိမ်းလန်းသော နေထိုင်မှုပုံစံသို့ အသွင်ကူးပြောင်းနိုင်ရေးအတွက် ဖြစ်နိုင်သမျှ ဆောင်ရွက်သွားရန်နှင့် ရေရှည်တည်တံ့စွာ နေထိုင်နိုင်စေရေးအတွက် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ သဘာဝနှင့် လိုက်လျောညီထွေ နေထိုင်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် ညစ်ညမ်းမှု ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များတွင် လူသားတိုင်း ပါဝင်ဆောင်ရွက်ကြစေလိုကြောင်း ယခုနှစ် ဆောင်ပုဒ်မှ တိုက်တွန်းထားသည်။

ယခုနှစ်ဆောင်ပုဒ်၏ တိုက်တွန်းနှိုးဆော်ချက်များကို ပြည်သူများ သိရှိလိုက်နာ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ "တစ်ခုတည်းသော ကမ္ဘာမြေ (Only One Earth)" ခေါင်းစဉ်ဖြင့် မိမိတို့ရေးသားတင်ပြလိုသည့် အချက်အလက်များ၊ သာဓကများပါဝင်သော အလွတ်တန်း ဆောင်းပါးနှင့် စာစီစာကုံးများကို အောက်ဖော်ပြပါ စည်းကမ်းချက်များနှင့်အညီ ရေးသားပေးပို့ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်အပ်ပါသည် -

အလွတ်တန်း ဆောင်းပါး/ စာစီစာကုံးပြိုင်ပွဲကိုမည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲဝင်ဆောင်းပါးများကို A4 ဆိုဒ်စာမျက်နှာ အနည်းဆုံး ၁၀ မျက်နှာမှ အများဆုံး ၁၅ မျက်နှာအထိ၊ ပြိုင်ပွဲဝင် စာစီစာကုံးများကို A4 ဆိုဒ် စာမျက်နှာအနည်းဆုံး ငါးမျက်နှာမှ အများဆုံး ခုနစ်မျက်နှာအထိ ရေးသားရန် (သတ်မှတ်စာမျက်နှာထက် မကျော်လွန်ရ)၊ သတ်မှတ်ထားသော ခေါင်းစဉ်အောက်မှ မိမိကြိုက်နှစ်သက်ရာပုံစံဖြင့် ယှဉ်ပြိုင်ရန်၊ ကွန်ပျူတာစာလုံး (Pyidaungsu)၊ စာလုံး အရွယ်အစား ၁၄ (Font Size 14)၊ စာကြောင်းအကွာအဝေး ၁ ဒသမ ၅ (Line Spacing 1.5)၊ စာရွက်ဘောင်ဆိုဒ် တစ်လက်မပတ်လည် (Margins 1" ပတ်လည်) Microsoft Word ဖြင့် ကွန်ပျူတာစာစီ၍ ရေးသားပေးပို့ရန်၊ အခြားမှ ကူးယူထားခြင်းမဟုတ်ဘဲ မိမိကိုယ်တိုင် ဖန်တီးရေးသားထားသော စာမူရင်းဖြစ်ရန်၊ အခြားပြိုင်ပွဲများတွင် ဆုရရှိပြီးသော၊ ပုံနှိပ်ဖော်ပြထားသော စာမူများ မဖြစ်စေရန်၊ ကိုယ်တိုင်ဖန်တီးရေးသားထားသော ကာယကံရှင် လက်မှတ်ရေးထိုးထားသည့် ဝန်ခံကတိပြုချက်နှင့် ကိုယ်ရေးအချက်အလက်အကျဉ်းတို့ကို ဆောင်းပါး၊ စာစီစာကုံးနှင့် အတူပေးပို့ရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တရားဝင်အသုံးပြုခွင့်ပေးရန်နှင့် ဆုရွေးချယ်ခံရခြင်းမရှိသော ဆောင်းပါး/စာစီစာကုံးများအား ပြန်လည်ပေးပို့မည်မဟုတ်ဘဲ ပြိုင်ပွဲဝင် စည်းကမ်းနှင့် မညီညွတ်သော စာမူများအား ပယ်ချသွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူများ ပေးပို့ရာတွင် အလွတ်တန်း ဆောင်းပါး/ စာစီစာကုံးအတွက် စာမူ (Hard+ Soft Copy (Word+ Pdf)) တစ်စုံစီ၊ ပြိုင်ပွဲဝင် အမည်၊ မှတ်ပုံတင်/ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ကာလာဓာတ်ပုံ သုံးပုံ (၁.၅" x ၂"ဆိုဒ်)၊ ဆက်သွယ်ရန်လိပ်စာ၊ အမှန်တကယ် အသုံးပြုသည့် ဖုန်းနံပါတ်တို့နှင့် အတူ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန** ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ရုံးအမှတ် ၅၈၊ နေပြည်တော် ဖုန်း- ၀၆၇-၄၃၁၃၂၉၊ ၀၆၇-၄၃၁၄၉၇၊ အီးမေးလ် hr.env.ecd@gmail.com သို့ ၂၀၂၂ ခုနှစ် မေ ၁၂ ရက် ကြာသပတေးနေ့ နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်ပြီး အသေးစိတ်ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန Website (www.ecd.gov.mm)နှင့် Facebook Page (Environmental Conservation Department-ECD) တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ (သတ်မှတ်ရက်ကျော်လွန်ပြီး စည်းကမ်းချက်များနှင့် မပြည့်စုံသော ဆောင်းပါးနှင့် စာစီစာကုံးများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။)

ဆုရရှိသူများစာရင်းကို ၂၀၂၂ ခုနှစ် ဇွန် ၁ ရက်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန Website နှင့် Facebook Page များတွင်ကြေညာသွားမည်ဖြစ်ပြီး ဆုရရှိသူများကို ၂၀၂၂ ခုနှစ် ဇွန် ၅ ရက်တွင် နေပြည်တော်၌ ကျင်းပမည့် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဆုချီးမြှင့် သွားမည်ဖြစ်သည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**



## တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် မေ ၅

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကမ်းရိုးတန်းဒေသများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ရောက်ရှိနေသည့် နယ်လှည့်အထူးကုဆေးအဖွဲ့များပါဝင်သည့် တပ်မတော်ပင်လယ်သွားဆေးရုံ ရေယာဉ် (သံလွင်)သည် ယနေ့တွင် ကိုကိုးကျွန်းမြို့ရှိ ပြည်သူ့ဆေးရုံ၌ ဒေသခံပြည်သူ ၂၈၅ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၆၅ ဦး၊ ခွဲစိတ်ရောဂါ ၁၈ ဦး၊ သားဖွား/ မီးယပ်ရောဂါ ၂၈ ဦး၊ ကလေးရောဂါ ၃၂ ဦး၊ အရိုးရောဂါ ၄၃ ဦး၊ နား/ နှာခေါင်း/ လည်ချောင်းရောဂါ ၁၉ ဦး၊ မျက်စိရောဂါ ၅၃ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၂၇ ဦး စုစုပေါင်း ၂၈၅ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် ခွဲစိတ်ကုသရန်လိုအပ်သူ အထွေထွေခွဲစိတ်လူနာ လေးဦးကို ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးပြီး ဓာတ်မှန်ရိုက်လူနာ ၁၇ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၂၀၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၂၂ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၇၆ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကွန်ဂိုနိုင်ငံ အနောက်မြောက်ပိုင်း၌ အီဘိုလာရောဂါပိုးကူးစက်ခံရသူတစ်ဦး ထပ်မံတွေ့ရှိ

ကင်ရှာဆာ မေ ၅

ကွန်ဂိုနိုင်ငံ အနောက်မြောက်ပိုင်း၌ အီဘိုလာရောဂါပိုးကူးစက်ခံရသူတစ်ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့သဖြင့် နိုင်ငံအတွင်း အီဘိုလာရောဂါပိုးကူးစက်ခံရသူ သုံးဦးအထိရှိလာပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ယနေ့ပြောကြားသည်။

အသက် ၄၈ နှစ်အရွယ်ရှိ အဆိုပါအီဘိုလာရောဂါပိုးကူးစက်ခံရသူအား ယမန်နေ့တွင် နိုင်ငံအတွင်းရှိ အမ်ဗန်ဒါကာမြို့၌ တွေ့ရှိခြင်းဖြစ်ကြောင်း ကွန်ဂိုကျန်းမာရေးဝန်ကြီးဌာနက အတည်ပြုပြောကြားသည်။

ကွန်ဂိုနိုင်ငံ အနောက်မြောက်ပိုင်း အီကွက်တိန်ပြည်နယ် အမ်ဗန်ဒါကာမြို့၌ ပထမဆုံးအီဘိုလာရောဂါပိုးကူးစက်ခံရသူနှစ်ဦး စတင်တွေ့ရှိခဲ့ပြီး လက်ရှိအချိန်ထိ အီဘိုလာရောဂါပိုး ကူးစက်ပျံ့နှံ့လျက်ရှိကြောင်း ကြေညာခဲ့သည်။ ယခုအီဘိုလာရောဂါပိုးကူးစက်ခံရသည့် အသက် ၄၈ နှစ်အရွယ် အမျိုးသားသည် နိုင်ငံအတွင်း ပထမဆုံးအီဘိုလာရောဂါကူးစက်ခံရသူများနှင့် ဆက်စပ်မှုရှိကြောင်း သိရသည်။ ကွန်ဂိုနိုင်ငံရှိ ပထမဆုံးအီဘိုလာရောဂါကူးစက်ခံရသူများမှာ ရောဂါလက္ခဏာများ ပြသခဲ့ပြီးနောက် သေဆုံးသွားကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ





# ယခုနှစ်ပထမလေးလအတွင်း ဗီယက်နမ်နိုင်ငံ၏ စက်မှုထုတ်ကုန်ပမာဏ ၇ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်လာ

ဟန္နွိုင်း မေ ၅

ဗီယက်နမ်နိုင်ငံ၏ စက်မှုထုတ်ကုန်ပမာဏသည် ယခုနှစ်ပထမလေးလအတွင်း ၇ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်လာကြောင်း ဗီယက်နမ်နိုင်ငံစာရင်းအင်းရုံး၏ ယနေ့ပြောကြားချက်အရ သိရသည်။

ထို့ပြင် နိုင်ငံအတွင်း၌ ကုန်ပစ္စည်းထုတ်လုပ်မှုကဏ္ဍတွင် လုပ်ငန်းဆောင်ရွက်မှု ၈ ဒသမ ၃ ရာခိုင်နှုန်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရေးကဏ္ဍတွင် ၆ ဒသမ ၆ ရာခိုင်နှုန်းနှင့် ရေဖြန့်ဖြူးရေးနှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲရေးကဏ္ဍတွင် ၁ ဒသမ ၁ ရာခိုင်နှုန်းစသည်ဖြင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ တိုးတက်လာခဲ့ကြောင်း အဆိုပါရုံးက ပြောကြားသည်။

နိုင်ငံအတွင်း၌ ဧပြီလအတွင်း ထုတ်လုပ်နိုင်သည့် စက်မှုထုတ်ကုန်ပမာဏသည် မတ်လကထက် နှစ်ရာခိုင်နှုန်းတိုးတက်လာကြောင်း သိရသည်။ ဇန်နဝါရီလမှ ဧပြီလအထိ အချိုမှုန့်နှင့် ဖုန်းနှင့်ဆက်စပ်ပစ္စည်းထုတ်လုပ်မှု ၂၁ ဒသမ ၅ ရာခိုင်နှုန်း၊ သံချောင်းထုတ်လုပ်မှု ၁၅ ဒသမ ၂ ရာခိုင်နှုန်း၊ သိုးမွေးထုတ်လုပ်မှု ၁၃ ဒသမ ၅ ရာခိုင်နှုန်းနှင့် ဓာတ်မြေဩဇာထုတ်လုပ်မှု ၁၃ ဒသမ ၂ ရာခိုင်နှုန်း အသီးသီးတိုးတက်လာကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

# ကျူးဘားနိုင်ငံ၌ ပထမဆုံးအကြိမ် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀၀ အောက် တွေ့ရှိ

ဟာဗားနား မေ ၅

ကျူးဘားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ပထမဆုံးအကြိမ် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀၀ အောက် လျော့နည်းတွေ့ရှိကြောင်းနှင့် သေဆုံးသူ ထပ်မံမတွေ့ရှိကြောင်း ကျူးဘားပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ သတင်းထုတ်ပြန်သည်။

လက်ရှိတွင် ရောဂါကူးစက်ခံရသူပေါင်း ၁၁၀၃၄၈၈ ဦးနှင့် အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၈၅၂၇ ဦးရှိပြီး ပိုးတွေ့ဆဲလူနာ ၆၃၅ ဦးရှိသည်။

နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိရာ လက်ရှိတွင် ပြည်သူ ၁၁ ဒသမ ၂ သန်းအနက် ၉ ဒသမ ၉ သန်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်သည်။ ၎င်းတို့အနက် ၆ ဒသမ ၅ သန်းကျော်သည် ကာကွယ်ဆေးထပ်ဆောင်းထိုးနှံမှုခံယူပြီးဖြစ်သည်။

နိုင်ငံ၏ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်တွင် ပြည်တွင်းထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများဖြစ်သည့် Abdala၊ Soberana-02 နှင့် Soberana Plus ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို အသုံးပြုလျက်ရှိကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်

# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၃၀၅ ဦးထပ်မံတွေ့ရှိ

ဟန္နွိုင်း မေ ၅

ဗီယက်နမ်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၃၀၅ ဦးထပ်မံတွေ့ရှိပြီး အဆိုပါအရေအတွက်သည် မေ ၃ ရက်က တွေ့ရှိမှုထက် ၁၂၁၇ ဦးပိုမိုများပြားကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

ရောဂါထပ်မံကူးစက်ခံရသူအားလုံးသည် ဒေသတွင်းကူးစက်ခံရသူများဖြစ်ပြီး မြို့တော်ဟန္နွိုင်းမှ ၆၈၄ ဦး၊ ဖူသိုခရိုင်မှ ၄၃၉ ဦးနှင့် ဗင်ဖူခရိုင်မှ ၂၇၃ ဦး အသီးသီးတွေ့ရှိရသည်။

လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၀၆၆၆၇၅၁ ဦးရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၄၃၀၄၉ ဦးရှိကြောင်း သိရသည်။ သို့သော် ၉၃၁၄၄၂၀ (ရောဂါကူးစက်ခံရသူများ၏ ၈၇ ရာခိုင်နှုန်း) သည် ကျန်းမာရေးပြန်လည်ကောင်းမွန်လာသည့်အတွက် ဆေးရုံများမှ ဆင်းသွားခဲ့သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ၂၁၅ ဒသမ ၂ သန်းနီးပါး သုံးစွဲပြီးဖြစ်ပြီး ယင်းတို့အနက် ၁၉၆ ဒသမ ၂ သန်းအား အသက် ၁၈ နှစ်နှင့်အထက်ပြည်သူများအား ထိုးနှံပေးပြီးဖြစ်သည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၂၁ ခုနှစ် ဧပြီလမှစ၍ ကိုဗစ်-၁၉ ရောဂါစတုတ္ထလှိုင်းကူးစက်မှုကို ရင်ဆိုင်ဖြတ်သန်းနေရပြီး လက်ရှိအချိန်အထိ ဒေသတွင်း ကူးစက်ခံရသူပေါင်း ၁၀ ဒသမ ၇ သန်းနီးပါးရှိပြီဖြစ်ကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ လူဦးရေ ၇၅ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပြီး

ဒါကာ မေ ၅

ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ လူဦးရေ ၇၅ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

နိုင်ငံအတွင်းရှိပြည်သူ ၉၈ ရာခိုင်နှုန်းအား ကာကွယ်ဆေးထိုးနှံပေးရန် ရည်မှန်းထားလျက်ရှိကြောင်းနှင့် လက်ရှိတွင် ၇၅ ရာခိုင်နှုန်းအား ထိုးနှံပေးပြီးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး ဇာဟစ်မာလီ၏ ပြောကြားချက်ကို ကိုးကားပြီး UNB သတင်းအေဂျင်စီက သတင်းဖော်ပြသည်။

ယင်းသို့ ကာကွယ်ဆေးအရှိန်မြှင့်ထိုးနိုင်ခြင်းမှာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ လျော့ကျလာခြင်းနှင့် ပြည်သူများ ပူးပေါင်းပါဝင်ခြင်းကြောင့်ဖြစ်ကြောင်း ဝန်ကြီးဇာဟစ်မာလီက ဆိုသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို လွန်ခဲ့သောနှစ် ဇန်နဝါရီလတွင် စတင်ခဲ့ပြီး AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ပြည်သူများအား ပထမအကြိမ် ထိုးနှံပေးခဲ့သည်။ ယင်းနောက် ၂၀၂၁ ခုနှစ်တွင် တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးဖြစ်သည့် Sinopharm ကို စတင်အသုံးပြုလျက်ရှိကြောင်းသိရသည်။

လက်ရှိတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ AstraZeneca၊ Sinopharm၊ Moderna၊ Pfizer၊ Sinovac နှင့် Johnson & Johnson ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို အသုံးပြုလျက်ရှိကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- အောင်ကျော်ကျော်

# ယခုနှစ်ကုန်၌ တရုတ်နိုင်ငံကျေးလက်ဒေသရှိ ဒေသခံ ၅၄ ရာခိုင်နှုန်းအား ရေဖြန့်ဖြူးပေးနိုင်တော့မည်

ပေကျင်း မေ ၅

ယခုနှစ်ကုန်၌ တရုတ်နိုင်ငံရှိကျေးလက်ဒေသများမှ ဒေသခံ ၅၄ ရာခိုင်နှုန်းအား ရေပေးဝေရေးစီမံကိန်းများမှတစ်ဆင့် ရေဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ကြောင်း တရုတ်နိုင်ငံ ရေအရင်းအမြစ်ဆိုင်ရာဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

ယမန်နှစ်အတွင်း တရုတ်နိုင်ငံ မြို့ပြနှင့် ကျေးလက်ဒေသများ၌ ရေဖြန့်ဖြူးရေးလုပ်ငန်းများကို အဆင့်မြှင့်တင်ခဲ့ရာတွင် အဆိုပါကျေးလက်ဒေသများ၏ ၅၂ ရာခိုင်နှုန်းခန့်အား ဖြန့်ကြက်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ယခုနှစ်ပထမသုံးလအတွင်း နိုင်ငံအတွင်းရှိ ကျေးလက်ဒေသခံ ၄ ဒသမ ၂၉ သန်းအား ရေဖြန့်ဖြူးပေးနိုင်ရန်အတွက် တရုတ်ယွမ်ငွေ ၁၅ ဒသမ ၄ ဘီလီယံတန်ကြေးရှိသည့် ရေဖြန့်ဖြူးရေးစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ တရုတ်နိုင်ငံအနေဖြင့် ယခုနှစ်အတွင်း ကျေးလက်ရေရရှိရေးအတွက် စီမံကိန်းကြီးများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် အသေးစားရေရရှိရေးစီမံကိန်းများအား ပြုပြင်မွမ်းမံဆောင်ရွက်ခြင်းဖြင့် ကျေးလက်နှင့်မြို့ပြရေရရှိရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်လျက်ရှိကြောင်း ရေအရင်းအမြစ်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဖူဒါဇီက ပြောကြားသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

# အသက်မပြည့်သေးသည့် မိန်းကလေးကို တရုတ်နိုင်ငံသားက သံရုံး၊ တရားရုံး၏ ခွင့်ပြုချက်မရှိဘဲ သားမယားအဖြစ် ပေါင်းသင်းနေထိုင်သဖြင့် လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် မေ ၅

အသက်မပြည့်သေးသည့် မိန်းကလေးကို တရုတ်နိုင်ငံသားက သံရုံး၊ တရားရုံး၏ ခွင့်ပြုချက်မရှိဘဲ သားမယားအဖြစ် ပေါင်းသင်းနေထိုင်သဖြင့် လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်သုံးနှစ်စီ အမိန့်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အလယ်ရွာနေ မလှလှနွယ်(ခ) မမာယာနွယ်က ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်နေ မ XXX၊ ၁၇ နှစ်ကို ၎င်းအလုပ်ရှင်ဖြစ်သည့် တရုတ်နိုင်ငံသား YANGXIAQ MING (ခ)ရောင်မြင့်က ချစ်ကြိုက်နေကြောင်း၊ ပေါင်းသင်းပါက ငွေကျပ်သိန်း ၁၅၀ ရမည်ဟု ပြောဆိုစည်းရုံး၍ တရုတ်နိုင်ငံသား YANGXIAQ MING (ခ)ရောင်မြင့်က သံရုံး၊ တရားရုံးတို့၏ ခွင့်ပြုချက်မရှိဘဲ သားမယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့သဖြင့် လှိုင်သာယာမြို့မရဲစခန်း (ပ) ၂၄၂၆/၂၀၁၉၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/၃၂ ဖြင့် အမှုရေးဖွင့်၍ မြောက်ပိုင်းခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ တရုတ်နိုင်ငံသား YANGXIAQ MING (ခ)ရောင်မြင့်နှင့် မလှလှနွယ်(ခ)မာယာနွယ်တို့ကို မေ ၃ ရက်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၆/၃၂ အရ အလုပ်နှင့် ထောင်ဒဏ် သုံးနှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

# တရားမဝင် သစ်မျိုးစုံ၊ ယာဉ်၊ ယန္တရားဆက်စပ်ပစ္စည်းများ၊ စားသောက်ကုန်များ၊ အဝတ်အထည်များနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မေ ၅

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၂ ရက်တွင် ရခိုင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ကုတ်မြို့နယ်နှင့် သံတွဲမြို့နယ်များအတွင်း တရားမဝင် သစ်မျိုးစုံ ၆၇ ဒသမ ၄၄၅၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅,၃၃၃,၂၂၂)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် မေ ၃ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပဲခူးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူး ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သထုံမြို့မှ ပဲခူးမြို့သို့ ထွက်ခွာလာသည့် မော်တော်ယာဉ် သုံးစီးပေါ်တွင် တရားဝင် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အချိုရည်နှင့် အဝတ်အထည်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃,၆၉၀,၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ် သုံးစီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀,၀၀၀,၀၀၀ ) **စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃,၆၉၀,၀၀၀** ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မေ ၄ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ယာဉ်၊ ယန္တရား ဆက်စပ်ပစ္စည်း (အဟောင်း)များနှင့် အလူမီနီယံ ခေါက်လှေကားများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅,၉၇၅,၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ် နှစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅,၀၀၀,၀၀၀) **စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀,၉၇၅,၀၀၀** ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



**ကရင်ပြည်နယ် ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှု။**

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာ့စက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော အဝတ်အထည်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅,၀၈၀,၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရေကြည်မြို့နယ်အတွင်း တရားမဝင် သစ်မျိုးစုံ ၂ ဒသမ ၂၃၆၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၆,၅၄၈)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၅ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင် ရေတာရှည်မြို့နယ်အတွင်း တရားမဝင် သစ်မျိုးစုံ ၄ ဒသမ ၅၂၈၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၇,၀၁၆) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၂ ရက်၊ ၃ ရက်၊ ၄ ရက် နှင့် ၅ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၈ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅,၅၅၁,၇၈၆) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သောမိုးရာသီတွင် ငါးဖမ်းဆီးခြင်းမပြုရန် နှိုးဆော်ချက်

**“ငါးရစ်ငါးသန် ဘေးမဲ့ချန်၊ ပုံမှန်စားသုံး မျိုးမသုဉ်း”**
**“ငါးရစ်တစ်ကောင် သုံးလရှောင်၊**
**ထောင်သောင်းတိုးပွား ရေရှည်စား”**

- ❖ မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်ချောင်းအင်းအိုင် အနှံ့အပြား၌ ဥများဖြင့် ပြည့်နေသော ငါးမကြီးများနှင့် မျိုးရည်ပြည့်ဝနေသော ငါးထီးကြီးများသည် ဥချရန် နေရာလာရှာ၍ ငါးရစ်တက်ကြပါသည်။
- ❖ ထိုငါးရစ်ငါးကြီးများကို ဖမ်းဆီးလိုက်ပါက ငါးများမိတ်လိုက်၊ ဥချ၊ သားပေါက်မှုများ မပြုလုပ်နိုင်ကြဘဲ ပေါက်ပွားလာမည့် သန်းပေါင်းများစွာသော ငါးသားပေါက်အရွယ်ငယ် (ငါးသန်)များကို ငယ်ရွယ်စဉ် ဖမ်းဆီးလိုက်ပါက သေကျေပျက်စီးကြကာ ရေရှည်စဉ်ဆက်မပြတ် ငါးထုတ်လုပ်နိုင်ရေးနှင့် တစ်နိုင်ငံလုံး ငါးရိက္ခာ ဖူလုံစွာစားသုံးနိုင်ရေးကို အထောက်အကူမပြုတော့ဘဲ ငါးမျိုးပြုန်းတီးသွားစေနိုင်ပါသည်။
- ❖ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် ၂/၉၂ ဖြင့် ငါးရစ်ငါးသန် ရာသီချိန်များတွင် ငါးများဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားပါသည်။ အဆိုပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက သက်ဆိုင်ရာဥပဒေအရ ဖမ်းဆီးတရားစွဲဆိုအပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားပါသည်။
- ❖ သို့ပါ၍ ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီအချိန်များတွင် ငါးရစ်ငါးများ လွတ်လပ်စွာ ဥချသားပေါက်နိုင်ရေးနှင့် နုနယ်လှသည့် ငါးသားပေါက်များ ဆက်လက်ရှင်သန်ကြီးထွားနိုင်ရေးအတွက် ငါးရစ်ငါးများနှင့် ငါးသားပေါက်များကို ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၆-၅-၂၀၂၂ သောကြာနေ့

### MRTV HD

၀၆:၀၀ မေတ္တာသုတ်၊ ရတနသုတ်၊ ခေါဇ္ဈင်္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ ခေတ်အဆက်ဆက်အသုံးပြုလာခဲ့သော ရှေးဟောင်းမီးသတ်ယာဉ်များ၏သမိုင်းကြောင်း
၀၉:၁၀ မျက်မှောက်ရေးရာအဖြာဖြာ
၀၉:၄၀ Soccer View
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၀ လှပမှုစီးပွားမြင်ကွင်းများ
၁၂:၃၀ ရုပ်မြင်သံကြားဇာတ်လမ်း 'ဖြားထိသွားသောမုဆိုး'
၁၃:၃၀ MRTV National News
၁၆:၃၅ လူငယ်မျိုးဆက်သစ်အစီအစဉ်
၁၇:၃၅ Weekly Sports Info
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ သုတဝေဖြာသီရိဝေဟာ
၁၉:၂၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၁၉:၄၀ ရုပ်မြင်သံကြားဇာတ်လမ်း 'ဒီဗိုကရေစီစိတ်ထား'
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၁:၀၀ 'တူနှစ်ကိုယ်တိုင်းပြည်' တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
၂၂:၀၀ ရုပ်မြင်သံကြားဇာတ်လမ်း 'ဝိဝိငနှအိပ်ကိုတည်ဆောက်ကြသူများ'

### mitv

07:02 Evergreen Classic: Thatta Htar Na (Sein Lei Lei)
07:10 San Lin Tun (Winner) Lose2Win with Andy Season 2
07:27 Atuladhipati Mahamunisacca Koe Htat Kyee Pagoda
07:43 The Beauty In The North Of Myanmar
08:01 Myanmar Puppeteers (Zawgyi Dance)
08:10 Discovering Tribes: Kanan their life and customs (Part-II)
08:33 Mhaw Yaw Gyi Elephant Camp
08:48 MONASTERY (Shwe In - Pin Kyaung)
09:01 News
09:27 Global Partnership for Brighter Future: Chile Pavilion at Expo 2020 Dubai
09:34 Myanmar Orchestra: A Blend of Arts!
09:47 Lady Pilot

### MRTV NRC

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ကရင်စကားပုံများအကြောင်း(အပိုး - ၂)
**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
အိမ်နောက်ဖေးတွင် ဈေးဆိုင်တည်ခြင်း
**ချင်း (လိုင်ဇို) (၀၈:၀၀ မှ ၀၉:၀၀)**
ဆေးဖက်ဝင်သခွပ်ပင်
**ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)**
ချင်းရိုးရာဆေးအိုး၊ ဆေးတံအကြောင်း
**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
ညောင်ရည်သွန်းပွဲ
**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
ထိန်းသိမ်းစို့လေ ရိုးရာအမွေ(အပိုင်း - ၁)
**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
ပအိုဝ်းရိုးရာဝတ်စုံ
**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
ဝဘာသာစကားပြောကြရအောင်(အပိုင်း - ၁)
**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
သွေးချင်းတို့ရဲ့ခေါင်လန်ပူး
**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
ရေငတ်နေသောငှက်ကလေး(ပုံပြင်)
**စကောကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ဒေသတစ်လွှား စိတ်ဝင်စားဖွယ်ရာများ(အပိုင်း - ၁၆)

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၃၀ အားကစားသတင်း
၀၈:၄၅ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား
၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တစ်လင်နှင့်တစ်မယား'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၃)
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဆွစ်ဇာလန်နိုင်ငံ)
၁၁:၃၀ အတွေးအမြင် (အပိုင်း-၃)

### MRTV FARMERS'

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၂၅ ချိုချဉ်ပန်ဒါးစုံလင်လှတဲ့ကော်ဖီသီးနံ့အလှ
၀၇:၀၀ စားသုံးသူများကျန်းမာရေး ဓာတုကင်းလွတ်စိုက်ပျိုးပေး
၀၇:၃၅ တစ်ပိုင်တစ်နိုင် ရေပေါ်လှောင်အိမ်ဖြင့် ငါးမွေးမြူခြင်း
၀၈:၀၀ ဝင်ငွေရစေမည့်ကြားညှပ်သီးနှံယာကွန်
၀၈:၁၅ ကောင်းကျိုးဝေဖြာပေါင်းစည်းလယ်ယာ
၀၉:၄၀ ဝါမျိုးပြောင်းလဲသုံးစွဲခြင်းဖြင့် တောင်သူ့ဘဝမြင့်မားကြပါစို့

### MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို ဝနေ့တနင်္ဂနွေမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

## မော်လိုက်မြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က ကျောင်းထိုင်ဆရာတော် တစ်ပါးအား ဖမ်းဆီးခေါ်ဆောင် သတ်ဖြတ်

**နေပြည်တော် မေ ၅**

နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်နှင့် ပြည်သူလူထုအကြား စိုးရိမ်ထိတ်လန့်မှုဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ ဌာနဆိုင်ရာအဆောက်အအုံများ၊ လမ်းတံတားများနှင့် စာသင်ကျောင်းများအား အကြမ်းဖက်ဖောက်ခွဲမှုများပြုလုပ်ခြင်း၊ ပစ်ခတ်တိုက်ခိုက်မှုများပြုလုပ်ခြင်းနှင့် နိုင်ငံ့ဝန်ထမ်းများအား ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည့်အပြင် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများ၏အထွတ်အမြတ်ထားရာသာသနာပိုင်အဆောက်အအုံများ၊ ဘုန်းတော်ကြီးကျောင်းများကိုပါ အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းနှင့် ရဟန်းသံဃာတော်များအား ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ခြင်းများကို စိတ်နှလုံးညှိုးနွမ်းဖွယ် ရက်စက်စွာ ပြုလုပ်နေကြသည်ကို တွေ့ရှိရသည်။

ထိုသို့ ပြုလုပ်လျက်ရှိရာတွင် မေ ၄ ရက် နံနက် ၁၁ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ် တပ်ကုန်းကျေးရွာ၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က ကျောင်းထိုင် ဆရာတော်တစ်ပါးအား ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖြစ်စဉ်ကို စိစစ်ခဲ့ရာ မေ ၃ ရက် နံနက် ၁ နာရီခွဲတွင် အဆိုပါကျေးရွာအတွင်းသို့ PDF အကြမ်းဖက်အဖွဲ့များက လက်နက်များကိုင်ဆောင်ကာ ရောက်ရှိလာပြီး ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော်ဖြစ်သူ ဦးဓမ္မပီယ(၅၇)နှစ်၊ ဝါတော်(၃၀)ဝါ (ဘ)ဦးစိန်အုပ်ကို ကျောင်းအပြင်သို့ ဖမ်းဆီးခေါ်ဆောင်ကာ သေနတ်များဖြင့် ဝိုင်းဝန်းပစ်ခတ်ခဲ့သဖြင့် ဆရာတော် ဦးဓမ္မပီယတွင် သေနတ်ထိမှန်ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ ပျံလွန်တော်မူခဲ့ပြီး ဆရာတော်နှင့်အတူ ဘုန်းတော်ကြီးကျောင်းတွင် သီတင်းသုံးနေထိုင်လျက်ရှိသော ဦးသူရိယ(၄၄)နှစ်၊ ဝါတော်(၂၄)ဝါနှင့် ဦးဉာဏိက(၃၅)နှစ်၊ ဝါတော်(၁၆)ဝါတို့မှာ အကြမ်းဖက်သမားများ၏ ဘေးအန္တရာယ်မှ လွတ်မြောက်နိုင်ရေး ထွက်ပြေးတိမ်းရှောင်ခဲ့ရကြောင်း သိရသည်။

အကြမ်းဖက်သမားများ၏ အကြောင်းမဲ့ အကြမ်းဖက်သတ်ဖြတ်မှုကြောင့် နိုင်ငံတော်အတွင်း သံဃာတော် ၃၉ ပါးနှင့် သီလရှင်ဆရာကြီးတစ်ပါးတို့ သေဆုံးခဲ့ပြီး အထက်ပါဖြစ်စဉ်မှ သာသနာ့အနွယ်ဝင် သံဃာတော်အား ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေခံတပ်မတော် စစ်ကြောင်းများနှင့် ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

■

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းတို့ကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့်အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် အမှတ်(၁၇)ရပ်ကွက်နေ ဇင်ဇင်ကျော်၊ အမှတ်(၅)ရပ်ကွက်နေ ဖူးငုံသဇ္ဇာနိုင်(ခ)ဖူးဖူးတို့သည့် ၎င်းတို့အသုံးပြုသည့် “Zin Zin Kyaw” Facebook အကောင့်နှင့် “Phoo Phoo” Face book အကောင့်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် နောင်ချိုကြီးကျေးရွာနေ ညီညီလှိုင်သည် ၎င်းအသုံးပြုသည့် “Nyi Nyi Hlaing” Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ကုက္ကိုလ်စုကျေးရွာနေ အေးချမ်းမောင်သည် ၎င်းအသုံးပြုသည့် “Aye Chan Mayng” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၅)ရပ်ကွက်နေ ဟိန်းတိုးဇော်(ခ)ချမ်းချမ်းနှင့် အမှတ်(၂)ရပ်ကွက်နေ အောင်နိုင်ဝင်းတို့သည် ၎င်းတို့အသုံးပြုသည့် “Chan Chan” Facebook အကောင့်နှင့် “Aung Naing Win” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းတို့ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းတို့ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကော်ဖီစိုက်ပျိုး ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး စကားဝိုင်း ကျင်းပ

**နေပြည်တော် မေ ၅**

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများ အချင်းချင်းအကြား လေ့လာ မှတ်သားထားရှိချက်များအား မျှဝေဖလှယ်နိုင်ရန်၊ နည်းပညာနှင့် အတွေးအခေါ် အသစ်အဆန်းများ ဖော်ထုတ်နိုင်ကြစေရန်၊ ကဏ္ဍအလိုက် ခေါင်းစဉ်များသတ်မှတ်၍ လစဉ်ပထမပတ်၏ ဗုဒ္ဓဟူးနေ့တိုင်း နေပြည်တော် ရုံးအမှတ်(၁၅) အစည်းအဝေးခန်းမ၌ စကားဝိုင်းဆွေးနွေးပွဲများကျင်းပခဲ့ရာ ယမန်နေ့ကျင်းပသည့် နဝမအကြိမ် စကားဝိုင်း ဆွေးနွေးပွဲတွင် “ကော်ဖီစိုက်ပျိုး ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး” ခေါင်းစဉ်ဖြင့် သက်ဆိုင်ရာ ပညာရှင်ဝန်ထမ်းများက ဆွေးနွေးခဲ့ကြကြောင်း သိရသည်။



အခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဌာနဆိုင်ရာများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ်များရှိဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျွမ်းကျင်သူ ပညာရှင်များက အွန်လိုင်းစနစ်ဖြင့် ပါဝင်တက်ရောက်ခဲ့ကြကာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်းက အဖွင့်အမှာစကားပြောကြားသည်။

မြန်မာနိုင်ငံ၌ ကုန်းမြင့်ကော်ဖီမျိုးများ စိုက်ပျိုးရန် ရေမြေရာသီဥတု သင့်တော်သည့် ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ မန္တလေးတိုင်း ဒေသကြီး၊ ပြင်ဦးလွင် ဒေသများရှိသကဲ့သို့ မြေပြန့်ကော်ဖီနှင့် သင့်တော်သည့် ဒေသများလည်း ရှိနေပြီး ပြင်ဦးလွင်ဒေသနှင့် ရှမ်းပြည်နယ်ရွာငံဒေသမှ အထူးတန်းဝင်ကော်ဖီ (Specialty Coffee)ကို ထုတ်လုပ်ပြီး ဈေးကောင်းရရှိသဖြင့် ကော်ဖီစိုက်တောင်သူများ၊ လုပ်ငန်းရှင်များ အကျိုးဖြစ်ထွန်းလျက်ရှိနေသော်လည်း မြန်မာ့ကော်ဖီ၏ လက်ရှိစိုက်ပျိုးထုတ်လုပ်မှု ဧက ၅၀၀၀၀ ကျော်မှ နှစ်စဉ် ကော်ဖီစေ့တန်ချိန် ၁၀၀၀၀ ခန့်သာ ထုတ်လုပ်နိုင်သဖြင့် ကော်ဖီသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးကို နိုင်ငံတော်အစိုးရက အားပေးဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ ယနေ့ကျင်းပသည့် စကားဝိုင်းဆွေးနွေးပွဲတွင် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းစဉ်များတွင် ကြုံတွေ့ကြရသည့် အခက်အခဲများ၊ နည်းပညာများနှင့် ရလဒ်ကောင်းများ၊ အတွေ့အကြုံများနှင့် အကြံဉာဏ်များကို အပြန်အလှန်ဖလှယ်ပြီး ကော်ဖီကဏ္ဍ တိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တိုက်ကြီးမြို့နယ်၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းနှင့် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းကျေးရွာများ ရွေးချယ်ပွဲပြုလုပ်

**တိုက်ကြီး မေ ၅**

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ကျေးရွာရွေးချယ်ပွဲကို ယနေ့တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံများ၊ တိုက်ကြီးမြို့နယ်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဌာနမှ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီသည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းတို့ကို ရွေးချယ်ခဲ့ကြကြောင်း သိရသည်။

တိုက်ကြီးမြို့နယ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစတင် အကောင်အထည်ဖော်ခဲ့ရာ လက်ရှိအချိန်ထိ ယူနစ် ၄၆ ယူနစ်၊ ကျေးရွာ ၄၉ ရွာရှိကာ စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ်လျက်ရှိပြီး စီမံကိန်းလည်ပတ်ရန်ပုံငွေမှ အတိုးရရှိငွေ၏ ၅၀ ရာခိုင်နှုန်းဖြင့်လည်း လမ်း ၂၅ လမ်း၊ မီးလင်းရေးလေးခု၊ မြေထိန်းနံရံတစ်ခု စုစုပေါင်းလုပ်ငန်း ၃၀ တို့ကို ဖွံ့ဖြိုးရေးလုပ်ငန်းများအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြောင်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ခဲ့ရာ လက်ရှိအချိန်ထိ ကျေးရွာပေါင်း ၁၀၃ ရွာရှိရာ ကျေးရွာ၏ပကတိလိုအပ်ချက်များဖြစ်သည့် မြေသားလမ်းတစ်လမ်း၊ ဂဝံလမ်း ၄၃ လမ်း၊ ကျောက်ချောလမ်းတစ်လမ်း၊ ကွန်ကရစ်လမ်း ၃၁ လမ်း၊ ကွန်ကရစ်ဘီးလမ်း ၂၁ လမ်း၊ သုံးပေအကျယ် လူသွားလမ်းတစ်လမ်း စုစုပေါင်းလမ်း ၉၈ လမ်း၊ ကွန်ကရစ်တံတားနှစ်စင်း၊ ကြိုးတံတားတစ်စင်း၊ Culvert ၂၂ စင်း စုစုပေါင်းတံတားအရေအတွက် ၂၅ စင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

## စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ
## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၆-၅-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၆၅ | ၂၁၁၅ | ၂၁၀၅ | ၂၀၇၅ | ၂၁၁၀ | ၂၁၃၅ | ၂၁၂၀ | ၂၁၀၀ | ၂၁၉၀ | ၂၂၀၅ | ၂၁၀၅ | ၂၁၁၅ | ၂၁၅၀ | ၂၁၅၀ | ၂၁၅၀ | ၂၃၇၀ | ၂၄၆၅ |
| 95 Ron | ၂၁၂၅ | ၂၁၇၅ | ၂၁၇၀ | ၂၁၃၅ | ၂၁၇၀ | ၂၁၉၅ | ၂၁၈၀ | ၂၁၆၀ | ၂၂၅၀ | ၂၂၇၀ | ၂၁၆၅ | ၂၁၈၀ | ၂၂၁၀ | ၂၂၁၀ | ၂၂၁၀ | ၂၄၃၀ | ၂၆၅၀ |
| HSD (500 ppm) | ၂၄၀၀ | ၂၄၅၀ | ၂၄၄၅ | ၂၄၁၀ | ၂၄၄၅ | ၂၄၇၀ | ၂၄၆၅ | ၂၄၃၅ | ၂၅၅၀ | ၂၅၄၅ | ၂၄၄၀ | ၂၄၅၀ | ၂၄၈၅ | ၂၄၈၅ | ၂၄၈၅ | ၂၇၀၅ | ၂၇၂၅ |
| HSD (50 ppm) | ၂၄၃၀ | ၂၄၇၅ | ၂၄၇၅ | ၂၄၄၀ | ၂၄၇၅ | ၂၅၀၀ | ၂၄၉၅ | ၂၄၆၀ | ၂၅၇၅ | ၂၅၇၀ | ၂၄၇၀ | ၂၄၈၀ | ၂၅၁၀ | ၂၅၁၅ | ၂၅၁၅ | ၂၇၃၅ | ၂၇၆၀ |
| HSD (10 ppm) | ၂၄၃၀ | ၂၄၇၅ | ၂၄၇၅ | ၂၄၄၀ | ၂၄၇၅ | ၂၅၀၀ | ၂၄၉၅ | ၂၄၆၀ | ၂၅၇၅ | ၂၅၇၀ | ၂၄၇၀ | ၂၄၈၀ | ၂၅၁၀ | ၂၅၁၅ | ၂၅၁၅ | ၂၇၃၅ | ၂၇၆၀ |

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၆၆ | ၂၀၃၉ |
| 95 Ron | ၂၀၂၅ | ၂၀၉၉ |
| HSD (500 ppm) | ၂၂၉၂ | ၂၃၆၈ |
| HSD (50 ppm) | ၂၃၂၀ | ၂၃၉၆ |
| HSD (10 ppm) | ၂၃၂၀ | ၂၃၉၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်းအသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

## ရွှေသွေးဂျာနယ်ထွက်ရှိ

နေပြည်တော် မေ ၅

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။




မေ ၇ ရက် (စနေနေ့) တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၄) အမှတ် (၁၉) ၌ အသားငါးများကို မစားတော့ဘဲ ဟင်းသီးဟင်းရွက်ကိုပဲ စားတော့မည်ဆိုသော ဖူးလေးအကြောင်း ရေးဖွဲ့ထားသည့် “ငါးကြိုက်ခင်” မျက်နှာဖုံးကာတွန်း၊ ထူးဆန်းသော ငါးမျိုးစိတ်အချို့ အကြောင်းကို တင်ဆက်ထားသည့် “ထူးဆန်းထွေလာငါးကမ္ဘာ” သုတဆောင်းပါးကဏ္ဍ၊ ကာတွန်းဝင်းထွဋ်ဦး၏ မျက်နှာဝက် ဟာသကာတွန်း၊ မစူးစမ်းမဆင်ခြင်ဘဲ သူတစ်ပါးအကျိုးကို ဆောင်ရွက်ခြင်းကြောင့် မိမိကိုယ်တိုင်ပါ ဒုက္ခရောက်ရပုံအကြောင်း ရေးဖွဲ့ထားသည့် “တုံတုံနှင့် လေးချမ်း” နှစ်မျက်နှာကာတွန်း၊ ဆရာဝန်ဆိုသည်မှာ လူနာများ၏ ဖြစ်သမျှရောဂါများကို သနားစိတ်၊ ကြင်နာစိတ်နှင့် ဝေဒနာများ သက်သာပျောက်ကင်းစေရန် ကုသပေးသော အားကိုးစရာ၊ လေးစားစရာ၊ ကျေးဇူးရှင်ဖြစ်ကြောင်း တင်ဆက်ထားသည့် “ကြင်နာတတ်ပါသည်” ဝတ္ထုကဏ္ဍ၊ သူငယ်ချင်းကို ပိုက်ဆံချေးရန် သဘောတူတိုက်တွန်းပုံအကြောင်း ဟာသဖြစ်ဖွယ် ရေးဖွဲ့ထားသည့် “ဖိုးတစ်တို” တစ်မျက်နှာကာတွန်း၊ ကလေးတို့အနေဖြင့် မိမိ၏ ဆောင်ရွက်ချက်များ၊ အတွေးများ၊ ပေါင်းသင်းဆက်ဆံရေး စသည်တို့သည် အမှန်တကယ် ကောင်းမွန်မှန်ကန်သည့် အစစ်အမှန်များဖြစ်ရန် မိမိ၏ နှလုံးသားနှင့် ဦးနှောက်ကို အမြဲဖွင့်ထားရန် လိုအပ်ကြောင်း ရေးဖွဲ့ထားသည့် “အစစ်နဲ့အတု” ပုံပြင်ကဏ္ဍ အပါအဝင် ဉာဏ်စမ်းကဏ္ဍ၊ အင်္ဂလိပ်စကားဝိုင်းကဏ္ဍနှင့် ကဗျာကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပူတူတူးလေး ရယ်စရာရွှင်စရာ ရောင်စုံ ဉာဏ်စမ်းပဟေဠိ (၂) စာအုပ်ထွက်ရှိ

နေပြည်တော် မေ ၅

မြတ်သူစံ(ဝါးခယ်မ) စီစဉ်တည်းဖြတ် ထုတ်ဝေသည့် “ပူတူတူးလေး ရယ်စရာရွှင်စရာ ရောင်စုံ ဉာဏ်စမ်းပဟေဠိ (၂)” စာအုပ် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ပထမအကြိမ် ပူတူတူးလေးစာအုပ်တိုက် တည်ထောင်ခြင်း (၂၇)နှစ်ပြည့် အထူးထုတ်အဖြစ် ထွက်ရှိလာသည်။

ကလေးများ ဉာဏ်ရည်ဉာဏ်သွေး တိုးတက်ပျော်ရွှင်စေမည့် ရယ်စရာရွှင်စရာ ဉာဏ်စမ်းပဟေဠိများကို ရောင်စုံသရုပ်ဖော်များဖြင့် ကလေးတို့နှင့် အရွယ်မရွေးသော စာဖတ်ပရိသတ်များအတွက် စွဲမက်နှစ်သက်ဖွယ်ဖြစ်အောင် တန်ဖိုးရှိသော စာမျက်နှာများအဖြစ် စီစဉ်ထားသည်။

မျက်နှာဖုံးနှင့် အတွင်းသရုပ်ဖော်ပုံများကို ကာတွန်းမောင်မောင်နှင့် ကာတွန်းစမ်းချောင်းကိုကိုအောင်တို့က ပုံဖော်ပေးထားပြီး မျက်နှာဖုံးဒီဇိုင်း ကိုအောင်လွင် (Conqueror)၊ ရောင်စုံစာမျက်နှာများအဖြစ် ဆန်းသစ်ပြင်ဆင်မွမ်းမံမှုကို ကိုကြည်စိုး(NPE)နှင့် ကိုဇော်လတ် (SLS) တို့က ဖန်တီးပေးထားခြင်းဖြစ်သည်။

စာအုပ်တစ်အုပ်လုံးကို ရောင်စုံစာမျက်နှာများ၊ ဆန်းသစ်သည့် အပြင်အဆင်များဖြင့် တန်ဆာဆင်ကာ နိုင်ငံခြား ဝူဖရီးစက္ကူဖြူချောဖြင့် ထူးခြားသည့် စာအုပ်အရွယ်အစားအပြင် စာအုပ်အရည်အသွေး ကောင်းမွန်စွာဖြင့် ထွက်ရှိလာခြင်းဖြစ်သည်။




ပူတူတူးလေးစာအုပ်တိုက်ကို ၁၉၉၅ ခုနှစ်က စတင်တည်ထောင်ခဲ့ရာ ၂၀၂၂ ခုနှစ်တွင် (၂၇)နှစ်ပြည့်မြောက်ပြီဖြစ်သဖြင့် (၂၇)နှစ်ပြည့် အထူးထုတ်အဖြစ် ပူတူတူးလေးစာအုပ်တိုက် ဖုန်း- ၀၉ ၅၀၁၂၃၂၅ က ဂုဏ်ပြုထုတ်ဝေခြင်းဖြစ်ကြောင်း စီစဉ်သူက ဖော်ပြထားသည်။

ပူတူတူးလေး ရယ်စရာရွှင်စရာ ရောင်စုံ ဉာဏ်စမ်းပဟေဠိ (၂) စာအုပ်ကို ပညာဗိမာန်စာအုပ်တိုက် အမှတ် ၂၂၈ အနော်ရထာလမ်းနှင့် ၃၉ လမ်းအထက်(ထောင့်ချိုး) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့။ ဖုန်း- ၀၁ ၂၅၃ ၁၄၃၊ ၀၁ ၉၁၉၀၄၀၂၊ ၀၉ ၅၁၃၆၇၄၆၊ ၀၉ ၄၄၄၉၉၈၈၇၃ နှင့် ပညာချွန်စာအုပ်ဆိုင် အမှတ် ၉၂ အနော်ရထာလမ်းမပေါ် ဆိပ်ကမ်းသာလမ်းနှင့် ၃၉ လမ်းကြား (အထက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့။ ဖုန်း- ၀၁ ၂၄၀ ၅၀၁ တို့မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိထားသည်။

**ကြေးမုံ**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၄ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၁၆ ရာခိုင်နှုန်းရှိ

## ကိုဗစ် - ၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၅-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၄-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၅-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၇၆၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၄) ဦးတွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၆) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၉၉၈,၃၆၉) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၂,၉၆၅) ဦးရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၈) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၁,၉၀၂) ဦးရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦးရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချိုအစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် မိဘပြည်သူအားလုံးနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၄၀ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော မိဘပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေး ထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၅-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၃၁၇) ခု | (၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၁၂) ခု | - |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၃၆) ခု | (၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၁၄၀) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၁၅၅) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅,၇၉၇) ခု | (၇) ဦး |
| စုစုပေါင်း | (၈,၇၆၁) ခု | (၁၄) ဦး |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၃၃၅၆၄၉၀ | ၈၀၈၃၆၄၁၈ | ၁၀၂၃၅၁၃ |
| ၂။ | အိန္ဒိယ | ၄၃၀၉၁၃၉၃ | ၄၂၅၄၇၆၉၉ | ၅၂၃၈၇၅ |
| ၃။ | ဘရာဇီး | ၃၀၅၀၂၅၀၁ | ၂၉၆၀၂၃၇၂ | ၆၆၃၈၁၆ |
| ၄။ | ပြင်သစ် | ၂၈၈၀၅၆၉၀ | ၂၇၃၀၁၀၂၁ | ၁၄၆၃၇၆ |
| ၅။ | ဂျာမနီ | ၂၅၁၁၆၃၆၃ | ၂၃၀၀၀၅၀၀ | ၁၃၆၄၀၅ |
| ၆။ | ဗြိတိန် | ၂၂၀၉၀၅၂၃ | ၂၁၃၉၅၈၈၈ | ၁၇၅၅၄၆ |
| ၇။ | ရုရှား | ၁၈၂၁၁၁၇၈ | ၁၇၅၇၈၆၅၉ | ၃၇၆၅၆၀ |
| ၈။ | တောင်ကိုရီးယား | ၁၇၄၃၈၀၆၈ | စိစစ်ဆဲ | ၂၃၁၅၈ |
| ၉။ | အီတလီ | ၁၆၆၃၃၉၁၁ | ၁၅၂၈၂၈၀၀ | ၁၆၄၀၄၁ |
| ၁၀။ | တူရကီ | ၁၅၀၃၇၂၄၂ | ၁၄၉၃၄၀၂၉ | ၉၈၈၀၈ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၆၆၆၇၅၁ | ၉၃၁၄၄၂၀ | ၄၃၀၄၉ |
| ၂။ | အင်ဒိုနီးရှား | ၆၀၄၇၇၄၁ | ၅၈၈၄၇၇၀ | ၁၅၆၃၄၀ |
| ၃။ | မလေးရှား | ၄၄၅၂၈၃၅ | ၄၃၈၈၄၉၁ | ၃၅၅၆၇ |
| ၄။ | ထိုင်း | ၄၃၀၀၆၁၄ | ၄၁၇၀၄၁၉ | ၂၈၉၁၇ |
| ၅။ | ဖိလစ်ပိုင် | ၃၆၈၆၅၄၃ | ၃၆၂၁၄၁၀ | ၆၀၄၃၉ |
| ၆။ | စင်ကာပူ | ၁၂၀၄၁၈၄ | ၁၁၄၄၁၅၃ | ၁၃၄၀ |
| ၇။ | မြန်မာ | ၆၁၂၉၆၅ | ၅၉၁၉၀၂ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၀၈၃၆၈ | ၂၀၅၃၇၈ | ၇၄၈ |
| ၉။ | ဘရူနိုင်း | ၁၄၂၃၁၂ | ၁၄၁၅၄၀ | ၂၁၈ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၂၅၈ | ၁၃၃၁၅၆ | ၃၀၅၆ |

## ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၅

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီတစ်ခု၊ ယာဉ်စီးရေတစ်စီးဖြင့် နှာခေါင်းစည်း ၁ ဒသမ ၆၀ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန ဝက်ဘ်ဆိုက်ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

## ကိုဗစ်-၁၉ ရောဂါ ကုသရေးပစ္စည်းများ စစ်ဆေးထုတ်ပေး

နေပြည်တော် မေ ၅

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား ရေကြောင်း၊ ဆိပ်ကမ်းနှင့် နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ် လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ မေ ၅ ရက်၌ ရန်ကုန်ဆိပ်ကမ်းများမှ ဆေးဝါးမျိုးစုံ ၁၅ မျိုး စုစုပေါင်း ၇၂၀၀၂ ဒသမ ၄၆ ကီလိုဂရမ်၊ နယ်စပ် (ချင်းရွှေဟော်) တွင် ကုမ္ပဏီတစ်ခုမှ Sai B12 Injection ၁၃၃၂၀၊ Paracetamol Tablet ၁၆၇၀၅ ခု၊ Glucose Injection အခု ၁၂၀၀၀၊ Infusion Set ၇၆၀၊ Foley Balloon Catheter အခု ၁၁၀၀၊ Compound Vitamin B Tablet အခု ၁၀၀၄၀၊ Pai Diclo Tablet ၂၄၀၄၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

“မေခါဝီလေ့ ရသေ့နယ် နေရာရှာသကို၊ ဆင်နှာမောင်းတစ်ပင်လုံး သုံးခွက်တစ်ခွက်တင် ကျိုသောက်လွန်လွန်းလို့ ကျောက်ခွက်ညိုမှာ ရွှဲရွှဲစိုအောင် ရှူရှူပန်းတယ်လေ . . .”

ဖေဖေသည် အတော်ချည်း ထွေခဲ့ဟန်ရှိသည်။ သီချင်းကို ခပ်ကျယ်ကျယ် ဟစ်လာသည်။ ဖေဖေ၏အသွင်ကို အဝေးမှပင် မြင်နိုင်သည်။ လမ်းလျှောက်လာရာတွင် ကိုယ်မှာ ယိုင်နေသည်။ သိုင်းကွက်နင်းနေသည်။ တင်တင်ရီသည် ဖေဖေရောက်အလာကို စောင့်ကြည့်နေမိသည်။

“မွေးထိုက်လို့ မွေးရတော့မယ်။ သူငယ်မကုသိုလ်၊ ငါ့ကုသိုလ်၊ ငါ့သမီး မှန်တယ်ဆိုရင် လက်တိုဂျင်ဂလက်ဖို၊ ငါ့လက်က ထွက်လိုက်ဟ ချိုချို”

ဖေဖေသည် တင်တင်ရီရှေ့သို့ရောက်လာသည်။ အစသော် တင်တင်ရီကို ဘယ်သူဘယ်ဝါမှန်းသိပုံမရ။ စူးစိုက်ကြည့်နေသည်။ အတော်ချည်းကြာမှ မှတ်မိပုံရသည်။

“ဘယ်သူများလဲလို့ လက်စသတ်တော့သမီးကိုး”

တင်တင်ရီသည် ဖေဖေ့ကို ကြေကြေကွဲကွဲကြီး စူးစိုက်ကြည့်နေမိသည်။

ဖေဖေ့ကိုယ်မှ အရက်ချွေးနံ့ရသည်။ ချဉ်စူးစူးနံနေသည်။ ဖေဖေသည် မတ်မတ်ရပ်နိုင်အောင်ပင် မနည်းချည်းကြိုးစားနေရသည်။ လဲတော့မလိုပြိုတော့မယောင်နှင့်။

သည်တော့လည်း ခါတ်တိုင်နှင့် ကိုယ်ကိုခွာကာ ဖေဖေ့ထံ တိုးလာခဲ့သည်။ ဖေဖေ့ကိုတွဲရသည်။

“သမီး ဒီမှာဘာထွက်လုပ်နေတာလဲဟင်။ အခုထိ ဘာလို့မအိပ်သေးတာလဲ”

လျှာလေး အာလေးနှင့် ဖေဖေမေးသည်။ အဘယ်မျှမူးနေသည်ဆိုစေကာမူ တင်တင်ရီ သည်အချိန်၌ အိမ်ပြင်ထွက်နေသည်ကိုမူ ဖေဖေ သဘောကျပုံမရ။

“ပြောစမ်းသမီး၊ ဒီအချိန်ဟာ မိန်းကလေးတစ်ယောက် အိမ်အပြင်မှာ ရှိသင့်တဲ့အချိန်မျိုးလား”

တင်တင်ရီမဖြေသဖြင့် ဖေဖေ ထပ်မေးသည်။

တင်တင်ရီသည် ငိုရှိုက်ချင်စိတ်ကို မနည်းချုပ်တည်းရသည်။

“ဟုတ်တယ်ဖေဖေ၊ ဒီအချိန်ဟာ မိန်းကလေးတစ်ယောက် လမ်းမှာ ထွက်ရပ်နေသင့်တဲ့အချိန်မျိုးမဟုတ်ဘူး။ ဖေဖေကိုယ်တိုင်လည်း အပြင်မှာရှိနေသင့်တဲ့ အချိန်မျိုးမဟုတ်ဘူး”

တင်တင်ရီက ကိုယ့်အဓိပ္ပာယ်နှင့်ကိုယ် ပြောသည်။ သူ၏အသံမှာ နာကြည်းဟန်ပေါ်နေသည်။ မာကျောသွားသည်။ ဤသည်ကို ဖေဖေက သူ့အား အပြစ်တင်သည်ဟု ထင်မှတ်ပုံရသည်။ ချက်ချင်းစိတ်ပြောင်းသွားသည်။ ရယ်သွမ်းသွေးရင်း သီချင်းဆိုလိုက်သည်။

“ဘူးမမှုတ်နဲ့သမီးရယ်၊ ဖေဖေ့ကိုချစ်တယ်ဆို၊ ဒယ်ဒီလေးကိုချစ်တယ်ဆို၊ ဆို ... ဆို ... ဆို”

ဖေဖေသည် သူ့ဘာသာ သဘောကျမိသလို အော်ဟစ် ရယ်မောလိုက်သည်။ တင်တင်ရီသည် ချက်ချင်းပင် ရှူးချင်စိတ်ပေါက်သွားသည်။

မအေးမြတို့ လွတ်လွတ်လပ်လပ် ဖောက်ပြန်နိုင်ခွင့် ရခဲ့ခြင်းကိုလည်း ရိပ်စားလာမိသည်။ ဖေဖေသည် အရက်မူးလာပြီဆိုလျှင် သီချင်းအော်ဟစ်ဆိုတတ်သည်။ ဖေဖေ့သီချင်းသံသည် သူတို့အတွက် အချက်ပေးအထိမ်းအမှတ် ဖြစ်ခဲ့ပုံရသည်။

သားအဖနှစ်ယောက် အိမ်ဘက်သို့ လျှောက်လာသည်။ အိမ်တွင် မီးလင်းနေပေပြီ။ မအေးမြနှင့် ခင်မောင်စိုးတို့၏ အရိပ်အသွင်ကို အိမ်အောက်ထပ်တွင် မြင်နေရပေပြီ။

တင်တင်ရီတို့ အိမ်အတွင်းရောက်ရှိလာသောအခါ သူတို့နှစ်ယောက် ကွပ်ပျစ်ပေါ်မှာ ဣန္ဒြေရရ စကားပြောနေသည်ကို တွေ့ရသည်။ သူတို့ချင်း ဘာမှမဖြစ်ခဲ့သလို ပါပဲကလား။

သူတို့မျက်နှာများကို တင်တင်ရီ စေ့စေ့မကြည့်ဝံ့။ မျက်နှာချင်းဆိုင်ရမည်ကိုလည်း ဝန်လေးသည်။ ဖေဖေ့ကို အိပ်ရာသို့လိုက်ပို့သည်။ သူကိုယ်တိုင်သည်လည်း အိပ်ရာသို့ဝင်သည်။ ညစာ ထမင်းမစားဖြစ်တော့။ အဝတ်များကိုလည်း လဲလှယ်ဝတ်ဆင်ခြင်း မပြုမိ။

ထိုညက ခေါင်းအုံးတစ်ခုလုံး ရွှဲရွှဲစိုအောင် ငိုရှိုက်ရသည့်အဖြစ်ကို ဖေဖေမသိ။ မအေးမြတို့ ခင်မောင်စိုးတို့မသိ။

ထိုစဉ်ကစ၍ သည်အသိုင်းအဝိုင်း၊ သည်ပတ်ဝန်းကျင်၊ သည်အိမ်၊ သည်အရပ်ကို စွန့်လွှတ်ရန် စိတ်ဆုံးဖြတ်မိသည်ကိုလည်း သူကိုယ်တိုင်ကလွဲ၍ အခြားသူတို့ သိစွမ်းနိုင်ခြင်းမရှိကြချေ။

သို့နှယ်ဖြင့် တင်တင်ရီ၏စိတ်မှာ ယောက်ယက်ခတ်စပြုလာသည်။ မအေးမြနှင့် ခင်မောင်စိုးတို့၏ကိစ္စသာ ပေါ်ပေါက်လာခြင်းမရှိလေလျှင် သူ့မှာ ဖြေသာစရာရှိနိုင်သေးသည်။ ထိုကိစ္စသည် သူတွေ့ကြုံနေရသော လောလောဆယ်ကိစ္စရပ်များတွင် အဆိုးရွားဆုံးဖြစ်နေသည်။

မအေးမြနှင့် မျက်နှာချင်းမဆိုင်မိအောင် ကြိုးစားသည်။ ခင်မောင်စိုးအိမ်သို့လာလျှင် အလိုလိုနေရင်း အနေကျုံ့ရသည်။ ဖေဖေ့ကိုမူ ကရုဏာသက်ရသည်။ ဖေဖေနှင့်ပတ်သက်လာလျှင် နာကြည်းစရာကို ချည်းတွေ့ရသည်ဟု ထင်သည်။

ပူလောင်ပြင်းပြသော နွေရက်များသို့ ရောက်လာသည်။ စာမေးပွဲသည် ကျောနားသို့ ကပ်လာပေပြီ။ ကျောင်းပိတ်ရက်သို့ မကြာမီ ရောက်ရတော့မည်။ ကျောင်းဖွင့်ရက်များတွင် အိမ်မှာနေရသောအချိန် နည်းပါးသည်ဖြစ်၍ မအေးမြတို့နှင့် မျက်နှာချင်းဆိုင်ရဖို့ အခွင့်အရေးမရှိလှ။ အိမ်မှာ စိတ်နောက်ကျိရှုပ်ထွေးရသမျှ ကျောင်းမှာ စိတ်အပြောင်းအလွဲရနိုင်သည်။ ကျောင်းပိတ်ရက်များတွင်မူ အိမ်မှာချည်းနေရမည်။ မအေးမြတို့နှင့် ထာဝစဉ် မျက်နှာချင်းဆိုင်ရပေလိမ့်မည်။ ထို့အတွက် တင်တင်ရီ ဘဝင်မကျနိုင်အောင် ရှိရသည်။

သည်အတွင်း စာမေးပွဲနီးကပ်လာသည်ကို အကြောင်းပြုကာ စာပြပေးမည်ဆိုသောသဘောဖြင့် ခင်မောင်စိုးက သူနှင့် လက်ပွန်းတတီး ရင်းနှီးရန် အားထုတ်သည်။ တင်တင်ရီသည် ခင်မောင်စိုး စာပြမည်ကို လက်မခံ။ မအေးမြက ထို့အတွက် သူ့အား ဆူပူကြိမ်းမောင်းခဲ့သေးသည်။

တင်တင်ရီသည် လမ်းထိပ်က အပျိုကြီးများအိမ်သို့ တစ်ကြိမ်ရောက်ရသေးသည်။ ပေါင်နှံရန်မဟုတ်၊ ငွေချေးရန်မဟုတ်၊ စိတ်က အလိုလိုသွားချင်နေ၍ဖြစ်သည်။ ဖေဖေပြောခဲ့သောစကားများကို အတည်ပြုချက်ယူရန် ဖြစ်သည်။ ထိုအခါ ယင်းမိန်းမကြီးများ၏စကားသည် ဖေဖေပြောခဲ့သောစကားနှင့် တစ်ထပ်တည်းကျနေကြောင်း တွေ့ရသည်။

စာမေးပွဲဖြေရသည်။ မည်သို့ဆိုစေ မိမိ၏ဘဝလွတ်မြောက်ရေးမှာ စာမေးပွဲအောင်မြင်မှုဖြစ်ကြောင်း တင်တင်ရီ သဘောပေါက်သည်။ နားလည်သည်။ စာမေးပွဲကို ကြိုးစားဖြေဆိုသည်။

နွေရက်များသို့ ရောက်လာပြီဆိုလျှင် တင်တင်ရီတို့အိမ်ခေါင်းရင်း မန်ကျည်းပင်သို့ ဖော်မဲ့ဥဩငှက် ရောက်လာတတ်မြဲ။ လွမ်းမက်ဖွယ်သောတေးကို ရင်ကွဲမတတ် သီကြွေးတတ်မြဲ ဖြစ်သည်။

ဥဩငှက်ကိုမြင်ရလေတိုင်း မိမိကိုယ်နှင့် နှိုင်းစာရင်မောရသည်။

နွေ၏ အပြင်အလျာသည် ခြောက်သွေ့နွမ်းနယ်သည်ချည်း၊ ပူလောင်ပြင်းပြသည်ချည်းပင်။ သစ်ပင်တို့သည် မိမိကိုယ်မှာ ဆင်မြန်းထားသော ရွက်ကျင်ရွက်ဝါများကို စွန့်ပစ်နေသည်။ ကြည့်လေရာရာ အရိုးပြိုင်းပြိုင်း အကိုင်းသွယ်သွယ် ဖြစ်နေသည်။

စင်စစ် တင်တင်ရီ၏ဘဝမှာလည်း နွေ၏အပြင်အလျာနှင့် မည်သို့မျှမခြားနား။ နွေနှယ်ပင် ပူပြင်းသည်၊ ခြောက်သွေ့သည်၊ သာယာချမ်းမြေ့ရခြင်းဟူ၍ သမျှ ရွက်ကြွေတောမှ ရွက်ဝါကျင်များနှယ် သူ့ကို စွန့်ခွာသွားတတ်ကြသည်။

သည်အတွင်းမှာပင် သတင်းတစ်ခုကို တင်တင်ရီကြားရသည်။

ခင်မောင်စိုးက သူ့အား လက်ထပ်လိုသည်ဆိုသောသတင်း။

တင်တင်ရီတုန်လှုပ်သွားသည်။ အံ့သြသွားသည်။ ခံပြင်းခြင်းကိုလည်း ခံစားရသည်။

သတင်းကိုပြောပြသူမှာ မအေးမြ။

မအေးမြကိုယ်တိုင်က ယင်းသို့ပြောလာနိုင်ခြင်းကို တင်တင်ရီနားမလည်နိုင်။

“ညည်းကို တို့များက တက္ကသိုလ်တွေဘာတွေအထိ ပို့နိုင်လိမ့်မယ်မထင်နဲ့ တင်တင်ရီ။ ဒီအခြေအနေနဲ့ ကျောင်းမှာ ဒီလောက်ထားနိုင်တာကိုပဲ ကျေးဇူးတင်ဦး။ ဒီတော့ ညည်းလုပ်ဖို့အကောင်းဆုံးက လက်ထပ်ဖို့ပဲ။ ယောကျ်ားယူလိုက်ဖို့ပဲ။ ဒါဆိုရင် ညည်းရဲ့ဘဝကို ညည်းဘာသာ ဖန်တီးလို့ရလာမှာပဲ”

မအေးမြက ယင်းသို့လည်း ဖြားယောင်းလာသည်။

“လက်မထပ်ဘဲနဲ့ ကျွန်တော့်ဘဝကို ဖန်တီးလို့မရနိုင်ဘူးထင်သလား မေမေ”

တင်တင်ရီမေးမိသည်။

“ဒီလိုတော့မဟုတ်ဘူးပေါ့အေ။ ဒါပေမဲ့ တို့များဘက်ကိုလည်း ထည့်တွက်ဦးမှပေါ့။ သဘောက တို့များအနေနဲ့ ညည်းကို ဆက်ပြီး တာဝန်မယူနိုင်တာလည်း ပါပါတယ်”

မအေးမြ၏စကားကို တင်တင်ရီ နာကြည်းစွာ ရယ်ပစ်လိုက်မိသည်။

“ရှင်းရှင်းပြောစမ်းပါမေမေ။ ကျွန်တော့်ကို မေမေအလိုမရှိတော့ဘူး မဟုတ်လား။ ဒီအိမ်မှာ မနေစေချင်တော့ဘူး မဟုတ်လား”

မအေးမြ စကားမပြန်။

“ကျွန်တော့်အမေအရင်းသာဆိုရင် ကျွန်တော့်ကို ဒီလိုပြောမှာမဟုတ်ဘူး”

တင်တင်ရီသည် တစ်ကိုယ်တည်း ပြောသလိုပြောလိုက်သည်။ လေသံမျှသောအသံဖြင့် ပြောလိုက်မိခြင်းဖြစ်သည်။ ထို့ကြောင့် သူ၏စကားကို မအေးမြ နားမလည်လိုက်။

“မောင်စိုးဟာ အသက်နည်းနည်းကွာတာကလွဲလို့ ညည်းနဲ့အသင့်တော်ဆုံးလူတစ်ယောက်ပဲ တင်တင်ရီ”

“ဗျာ၊ ကျွန်တော်လက်ထပ်ရမှာက ကိုခင်မောင်စိုးလား”

“ဟုတ်တယ်၊ ငါတော့ သူနဲ့ပဲမှန်းထားတယ်”

**ဆက်လက်ဖော်ပြပါမည်။**

“နွေရက်များသို့ ရောက်လာပြီဆိုလျှင် တင်တင်ရီတို့အိမ်ခေါင်းရင်း မန်ကျည်းပင်သို့ ဖော်မဲ့ဥဩငှက် ရောက်လာတတ်မြဲ။ လွမ်းမက်ဖွယ်သောတေးကို ရင်ကွဲမတတ် သီကြွေးတတ်မြဲဖြစ်သည်။ ဥဩငှက်ကိုမြင်ရလေတိုင်း မိမိကိုယ်နှင့် နှိုင်းစာရင်မောရသည်။ နွေ၏ အပြင်အလျာသည် ခြောက်သွေ့နွမ်းနယ်သည်ချည်း၊ ပူလောင်ပြင်းပြသည်ချည်းပင်။ သစ်ပင်တို့သည် မိမိကိုယ်မှာ ဆင်မြန်းထားသော ရွက်ကျင်ရွက်ဝါများကို စွန့်ပစ်နေသည်။ ကြည့်လေရာရာ . . .”

ဆရာမောင်သိန်းဆိုင်၏ “ရေနံ့သာခင်ခင်ကြီး” စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# လာမယ့်ရာသီမှာ ဝက်ဖို့ဒ်အသင်းနည်းပြ ဆက်လုပ်မှာမဟုတ်ဘူးဆိုတဲ့ ရွိုင်းဟော့ဆန်

နည်းပြ ရွိုင်းဟော့ဆန်ဟာ လာမယ့်ရာသီမှာ ဝက်ဖို့ဒ်အသင်း နည်းပြ ဆက်လုပ်ဖို့မရှိတဲ့အပြင် ပရီမီယာလိဂ်ရဲ့ အခြားသော ကလပ်အသင်းတွေမှာလည်း နည်းပြလုပ်မှာ မဟုတ်ဘဲ အနားယူဖို့တောင် မျှော်လင့်ထားတယ်လို့ ဆိုပါတယ်။

အသက် ၇၄ နှစ်အရွယ်ရှိ နည်းပြရွိုင်းဟော့ဆန်ဟာ နည်းပြဘဝကို ၄၅ နှစ်ကျော်ကြာ ဖြတ်သန်းခဲ့သူဖြစ်ပြီး အင်္ဂလန်လက်ရွေးစင်အသင်း၊ ဆွစ်ဇာလန်လက်ရွေးစင်အသင်း၊ ယူအေအီးလက်ရွေးစင်အသင်းနဲ့ ဖင်လန်လက်ရွေးစင်အသင်းအပါအဝင် ကလပ်အသင်းတွေဖြစ်တဲ့ အင်တာမီလန်၊ ဘလက်ဘန်း၊ ဖူလ်ဟမ်၊ လီဗာပူး အသင်း၊ ဝက်စ်ဘရွန်း၊ ခရစ္စတယ်ပဲလေ့ စတဲ့အသင်းတွေကို ကိုင်တွယ်ခဲ့တာ ဖြစ်ပါတယ်။



လက်ရှိ နည်းပြ ရွိုင်းဟော့ဆန် ကိုင်တွယ်နေတဲ့ ဝက်ဖို့ဒ်အသင်းဟာ လာမယ့် မေ ၇ ရက်မှာ ခရစ္စတယ် ပဲလေ့အသင်းနဲ့ ပရီမီယာလိဂ်ပွဲစဉ် ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး အဲဒီ ပွဲစဉ်မှာ ရှုံးနိမ့်ခဲ့မယ် ဆိုရင် ပရီမီယာလိဂ် ကနေ ချန်ပီယံရှစ်ဆီ တန်းဆင်းရမှာ ဖြစ်ပါတယ်။



# မန်စီးတီးအသင်းကို အနိုင်ရပြီး ရီးယဲလ်မက်ဒရစ်အသင်း ချန်ပီယံလိဂ်ဗိုလ်လုပွဲ တက်လှမ်း

ရီးယဲလ်မက်ဒရစ်အသင်းနဲ့ မန်စီးတီးအသင်းတို့ မေ ၅ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ် ဆီမီးဖိုင်နယ်အဆင့် ဒုတိယအကျော့ပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းက မန်စီးတီးအသင်းကို သုံးဂိုး–တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပြီး ပထမအကျော့မှာ မန်စီးတီးအသင်းက ရီးယဲလ်မက်ဒရစ်အသင်းကို လေးဂိုး–သုံးဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် နှစ်ကျော့ပေါင်းရလဒ် ခြောက်ဂိုး–ငါးဂိုးနဲ့ ရီးယဲလ်မက်ဒရစ်အသင်းက အနိုင်ရရှိကာ ချန်ပီယံလိဂ် နောက်ဆုံးဗိုလ်လုပွဲကို တက်လှမ်းခွင့်ရရှိခဲ့ပြီ ဖြစ်ပါတယ်။

အခုပွဲစဉ်မှာ တိုက်စစ်မှူး ဘင်ဇီမာဟာ သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့တာကြောင့် ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ သွင်းဂိုး စုစုပေါင်း ၃၂၂ ဂိုး အထိ ရှိလာခဲ့ပြီး ရီးယဲလ်မက်ဒရစ်အသင်းအတွက် ဂိုးအများဆုံး သွင်းယူနိုင်ခဲ့တဲ့ ကစားသမားစာရင်းဝင်ခဲ့ပါတယ်။

ဘင်ဇီမာထက် ရီးယဲလ်မက်ဒရစ်အသင်းအတွက် ဂိုးအများဆုံး သွင်းယူထားသူတွေကတော့ စီရိုနယ်လ်ဒို(ဂိုးပေါင်း ၄၅၀)နဲ့ ရာအူးလ် (၃၂၃ ဂိုး)တို့ပဲ ဖြစ်ပါတယ်။ ဘင်ဇီမာဟာ အခုနှစ်ဘောလုံးရာသီမှာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ ပွဲစဉ်စုစုပေါင်း ၄၃ ပွဲ ပါဝင်ကစားခဲ့ရာမှာ ၄၃ ဂိုးအထိ သွင်းယူနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

ဥရောပဖလား/ချန်ပီယံလိဂ်ဖလားကို ၁၃ ကြိမ်ဆွတ်ခူးထားတဲ့ ရီးယဲလ်မက်ဒရစ်အသင်းဟာ ချန်ပီယံလိဂ်ဗိုလ်လုပွဲ တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်တာကြောင့် (၁၄)ကြိမ်မြောက် ချန်ပီယံလိဂ်ဆုဖလားရရှိနိုင်မယ့် အခွင့်အရေးနဲ့ နီးစပ်လာခဲ့ပြီး ဗိုလ်လုပွဲမှာ လီဗာပူးအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။ ချန်ပီယံလိဂ် နောက်ဆုံးဗိုလ်လုပွဲစဉ်ကို မေ ၂၈ ရက်မှာ ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ စတိတ်ဒီဖရန့်ကွင်းမှာ ကျင်းပမှာလည်း ဖြစ်ပါတယ်။

မန်စီးတီးအသင်းကတော့ ရီးယဲလ်မက်ဒရစ်အသင်းကို ရှုံးနိမ့်ခဲ့လို့ ချန်ပီယံလိဂ်ဖလားမျှော်လင့်ချက်နဲ့ ဝေးခဲ့ရပြီဖြစ်တာကြောင့် ပရီမီယာလိဂ်ဖလားရရှိရေးကိုသာ အာရုံစိုက်ရတော့မှာဖြစ်ပါတယ်။ မန်စီးတီးအသင်း နည်းပြ ဂွါဒီယိုလာဟာ ချန်ပီယံလိဂ် ဆီမီးဖိုင်နယ်အဆင့်မှာ ခြောက်ကြိမ်အထိ ရှုံးပွဲကြုံတွေ့ခဲ့တာကြောင့် နည်းပြမော်ရင်ဟိုရဲ့ ချန်ပီယံလိဂ် ဆီမီးဖိုင်နယ် ရှုံးပွဲကြုံခဲ့မှုနဲ့ တူညီသွားခဲ့ပြီလည်း ဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ အန်စလော့တီကတော့ ချန်ပီယံလိဂ်သမိုင်းမှာ နောက်ဆုံးဗိုလ်လုပွဲအဆင့်ကို အကြိမ်ရေအများဆုံးတက်လှမ်းနိုင်အောင် စွမ်းဆောင်နိုင်ခဲ့တဲ့နည်းပြအဖြစ် မှတ်တမ်းဝင်ခဲ့ပြီး အေစီမီလန်အသင်းနဲ့အတူ ၂၀၀၃၊ ၂၀၀၅ နဲ့ ၂၀၀၇ တို့မှာ ဗိုလ်လုပွဲတက်ခဲ့ကာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ ၂၀၁၄ နဲ့ ယခု ၂၀၂၂ တို့မှာ ဗိုလ်လုပွဲ တက်ခဲ့တာ ဖြစ်ပါတယ်။

## ဘောလုံးလောကသတင်းတိုများ

- **အင်္ဂလန်ကွင်းလယ်လူ လင်ဂတ်ဟာ ဂျူဗင်တပ်၊ ပီအက်စ်ဂျီ၊ အေစီမီလန်နဲ့ နယူးကာဆယ်တို့က ခေါ်ယူဖို့ စိတ်ဝင်စားနေတာကြောင့် မန်ယူအသင်းကနေ ထွက်ခွာဖို့ ပြင်ဆင်နေပြီဖြစ်တယ်လို့ သိရပါတယ်။**
- **အာဆင်နယ်အသင်းဟာ အင်တာမီလန်အသင်းမှ အာဂျင်တီးနားတိုက်စစ်မှူး မာတီနက်ဇ်ကို စာချုပ်ချုပ်ဆိုခေါ်ယူဖို့ ပစ်မှတ်ထားနေတယ်လို့ သိရပါတယ်။**
- **မန်ယူအသင်းဟာ ဝက်ဟမ်းအသင်း ကွင်းလယ်ကစားသမား ဒီကလန်ရိုက်ကို အလွတ်ပြောင်းရွှေ့ကြေးနဲ့ ခေါ်ယူသွားဖို့ စိတ်ဝင်စားနေတယ်လို့ သိရပါတယ်။**
- **ချယ်လ်ဆီးအသင်းမှ စပိန်နောက်တန်းကစားသမားနှစ်ဦးဖြစ်တဲ့ အက်ပလီကွူတာနဲ့ မားကို့စ်အလွန်ဆိုတို့ဟာ ဘာစီလိုနာအသင်းဆီ ပြောင်းရွှေ့ဖို့ ဆန္ဒရှိနေတယ်လို့ သိရပါတယ်။**



ဂျိုးကော်ဒီနာ

ဝေးလ်နိုင်ငံသား လက်ဝှေ့သမား ဂျိုးကော်ဒီနာနဲ့ ဂျပန်လက်ဝှေ့ကျော် ကင်နီချီ အိုဂါဝါတို့ဟာ အိုင်ဘီအက်ဖ်စူပါဖယ်သာဝိတ်တန်းချန်ပီယံ ခါးပတ်စိန်ခေါ်ပွဲ ယှဉ်ပြိုင် ထိုးသတ်မှာဖြစ်ပြီး အဲဒီစိန်ခေါ်ပွဲကို ဇွန် ၄ ရက်မှာ ကာဒစ်မြို့ရှိ မော်တာပွိုင့်အရီနာမှာ ကျင်းပသွားမှာဖြစ်တယ်လို့ သိရပါတယ်။

အသက် ၃၀ အရွယ် ကော်ဒီနာဟာ အခုပြိုင်ပွဲမှာ အနိုင်ရရှိပါက ကမ္ဘာ့ချန်ပီယံ ခါးပတ်ကို ၁၃ ကြိမ်ရရှိမယ့် အခွင့်အရေးတစ်ရပ် ပိုင်ဆိုင်တော့မှာဖြစ်ပါတယ်။ ကော်ဒီနာ ဟာ ပရော်ဖက်ရှင်နယ် လက်ဝှေ့သမားဘဝမှာ ၁၄ ပွဲအထိ ရှုံးပွဲမရှိစံချိန်တင်ထားပြီး ၂၀၂၀ ပြည့်နှစ်အတွင်းက ဒဏ်ရာပြဿနာကြောင့် ပြိုင်ပွဲပါဝင်ယှဉ်ပြိုင်ထိုးသတ်မှု ကို ရပ်နားထားခဲ့ရကာ ၂၀၂၁ ခုနှစ်အတွင်းက လက်ဝှေ့ကြိုးဝိုင်းအတွင်း ပြန်လည် ဝင်ရောက်လာခဲ့တာ ဖြစ်ပါတယ်။

အသက် ၃၄ နှစ်အရွယ်ရှိ ဂျပန်လက်ဝှေ့သမား အိုဂါဝါကတော့ ပရော်ဖက်ရှင်နယ် လက်ဝှေ့သမားဘဝမှာ ၂၈ ပွဲ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ၂၆ ပွဲ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

ငွေကြယ် – ရေးသားသည်

# ရာဖေးလ်နာဒယ်၊ ကာမီရွန်နော်ရီးနဲ့ ဒန်အီဗန်တို့ မက်ဒရစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ နောက်တစ်ဆင့်တက်လှမ်း

စပိန်တင်းနစ် အကျော်အမော် ရာဖေးလ်နာဒယ်၊ ဗြိတိန်ပရော်ဖက်ရှင်နယ် လက်ဝှေ့သမားတွေဖြစ်တဲ့ ကာမီရွန် နော်ရီးနဲ့ ဒန်အီဗန်တို့ဟာ မက်ဒရစ် အိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသား တစ်ဦးချင်းပြိုင်ပွဲရဲ့ ဒုတိယအဆင့်မှာ ပြိုင်ဘက်အသီးသီးကို အနိုင်ရရှိခဲ့တာ ကြောင့် နောက်တစ်ဆင့်ကို တက်လှမ်းခွင့် ရရှိခဲ့ပြီ ဖြစ်ပါတယ်။

ရာဖေးလ်နာဒယ်ဟာ ဆားဘီးယား တင်းနစ်ကစားသမား ကတ်မာနိုဗစ်ကို ၆–၁၊ ၇–၆(၇–၄)နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါ တယ်။ ဗြိတိန်ရဲ့ ကမ္ဘာ့အဆင့် ၁၁ နေရာ က ကာမီရွန်နော်ရီးကတော့ အမေရိကန် တင်းနစ် ကစားသမား ဂျွန်အစ္စနားကို ၆–၄၊ ၆–၄(၇–၅)၊ ၆–၄ နဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပြီး ဒန်အီဗန်ကတော့ စပိန်တင်းနစ် ကစားသမား ရောဘ်တိုဘောတစ်စတာ အဂုတ်ကို ၆–၃၊ ၅–၇၊ ၇–၆(၇–၂)နဲ့ အနိုင် ရရှိခဲ့တာ ဖြစ်ပါတယ်။

မက်ဒရစ်အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ချန်ပီယံဆုဖလား ငါးကြိမ်ရရှိထားတဲ့ ရာဖေးလ်နာဒယ်ဟာ မတ်လကုန်ပိုင်းက အင်ဒီယန်ဝဲလ်တင်းနစ်ပြိုင်ပွဲမှာ ဒဏ်ရာ ရရှိခဲ့ပြီးနောက် မက်ဒရစ်အိုးပင်းမှာ ဝင်ရောက်ကစားဖို့ မျှော်လင့်မထား ပေမယ့် ဒဏ်ရာသက်သာလာလို့ ဝင်ပြိုင်ခဲ့ တာ ဖြစ်ပါတယ်။

ဂရန်းဆလမ်းချန်ပီယံဆုဖလားကို ၂၁ ကြိမ်အထိ ဆွတ်ခူးထားနိုင်ခဲ့တဲ့ ရာဖေးလ်နာဒယ် နောက်တစ်ဆင့်တက်ခဲ့ သလို ဗြိတိန်တင်းနစ်အကျော်အမော် အန်ဒီမာရေးဟာလည်း ရှာပိုဗာလော့ကို အနိုင်ရရှိကာ နောက်တစ်ဆင့်တက်ခဲ့ပြီး အန်ဒီမာရေးဟာ နောက်တစ်ဆင့်မှာ ဆားဘီးယားပရော်ဖက်ရှင်နယ် တင်းနစ် ကစားသမား ဂျိုကိုဗစ်နဲ့ ယှဉ်ပြိုင်ကစား ရမှာလည်း ဖြစ်ပါတယ်။


ရာဖေးလ်နာဒယ်

## SU MYAT MINGALAR TRADING CO., LTD. မှ

### တင်သွင်းဖြန့်ဖြူး ရောင်းချလျက်ရှိသည့် SAMYANG အမှတ်တံဆိပ်ပါစားသောက်ကုန်ပစ္စည်းများနှင့် ပတ်သက်၍ အများပြည်သူ သိရှိနိုင်စေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ်(၂၁၄)ရှိ SU MYAT MINGALAR TRADING CO., LTD. မှ ဒါရိုက်တာအဖွဲ့ဝင်များ၏ လွှဲအပ်ချက်အရ အများပြည်သူသိရှိစေရန်အတွက် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည် -

SU MYAT MINGALAR TRADING CO., LTD. သည်ကိုရီးယားနိုင်ငံ၊ ဆိုးလ်မြို့တွင် ဖွဲ့စည်းတည်ထောင်ထားသော SAMYANG FOODS CO., LTD. မှထုတ်လုပ်သည့် SAMYANG အမှတ်တံဆိပ်ပါ ခေါက်ဆွဲခြောက်အမျိုးမျိုးနှင့် စားသောက်ကုန်ပစ္စည်းအမျိုးမျိုးတို့အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝှမ်းလုံးသို့ တရားဝင် တင်သွင်းဖြန့်ဖြူးရောင်းချနိုင်ရန်အတွက် SAMYANG FOODS CO., LTD. ၏မြန်မာနိုင်ငံဖြန့်ချီရေး ကိုယ်စားလှယ်အဖြစ် အခွင့်အာဏာ လွှဲအပ်ခြင်းခံရသည့် ကုမ္ပဏီတစ်ခုဖြစ်ပါသည်။

SU MYAT MINGALAR TRADING CO., LTD. မှတင်သွင်းဖြန့်ဖြူးရောင်းချသည့် SAMYANG အမှတ်တံဆိပ်ပါ စားသောက်ကုန်ပစ္စည်းများသည် မြန်မာနိုင်ငံအတွင်းသို့ တိုက်ရိုက်တင်သွင်း ရောင်းချရာ၌ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန (Myanmar Foods and Drug Administration-FDA) ၏ ဘေးအန္တရာယ်ကင်းရှင်းကြောင်း၊ အသိအမှတ်ပြုထောက်ခံချက် လက်မှတ်များ ရရှိထားသည့် စားသောက်ကုန်ပစ္စည်းများဖြစ်သည့်အပြင်၊ မြန်မာနိုင်ငံ စားသုံးသူ ကာကွယ်ရေးကော်မရှင်၏ ညွှန်ကြားချက်အမှတ် - ၂/၂၀၁၉ စားသုံး သူကာကွယ်ရေး ဥပဒေပုဒ်မ (၄၃)ပါ ပြဋ္ဌာန်းချက်နှင့်အညီ မြန်မာဘာသာဖြင့် ထုတ်ကုန်အညွှန်း ဖော်ပြမှုများပါရှိသည့် ဖြန့်ဖြူးရောင်းချလျက်ရှိသော စားသောက်ကုန်ပစ္စည်းများဖြစ်ကြပါသည်။ သို့ရာတွင် မြန်မာပြည်အတွင်း၌လည်းကောင်း၊ နယ်စပ်ကုန်သွယ်ဂိတ်များမှတဆင့် မြန်မာပြည်တွင်းသို့လည်းကောင်း၊ မသမာသူအချို့မှ SAMYANG အမှတ်တံဆိပ်ပါ ခေါက်ဆွဲခြောက်များနှင့် ဆက်စပ်ပစ္စည်းများအား အတုအပ ထုတ်လုပ်ဖြန့်ချီရောင်းချခြင်းများကို ဆောင်ရွက်နေကြောင်း ကုမ္ပဏီအနေဖြင့် စုံစမ်းဖော်ထုတ်ခဲ့ပြီး၊ ယခုအခါသက်ဆိုင်ရာ တရားရုံးများတွင် တရားစွဲဆို အရေးယူ ဆောင်ရွက်ထားလျက်ရှိပါသည်။

သို့ပါသောကြောင့် SAMYANG အမှတ်တံဆိပ်ပါ ခေါက်ဆွဲခြောက်အမျိုးမျိုးနှင့် စားသောက်ကုန်ပစ္စည်းအမျိုးမျိုးတို့ကို အတုအပ ထုတ်လုပ် ဖြန့်ချီ ရောင်းချနေသူများကို တွေ့ရှိပါက သက်ဆိုင်ရာ ရုံးဌာနများ နှင့် မိမိတို့ ကုမ္ပဏီထံသို့ ဆက်သွယ်သတင်းပို့ပေးပါရန် အများပြည်သူတို့အားမေတ္တာရပ်ခံ အသိပေးအပ်ပါသည်။ ထို့အပြင် အတုအပ ထုတ်လုပ်ဖြန့်ချီရောင်းနေသူများအား ကုမ္ပဏီမှ တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်စုံစမ်း ဖော်ထုတ်၍ အရေးယူဆောင်ရွက်ခြင်း၊ တရားစွဲဆိုခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကိုလည်း အများပြည်သူသိရှိစေပါရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| ဦးကျော်မင်းဝေ( LL.B ) | ဒေါ်တင်တင်မြင့် ( LL.B ) | ဒေါ်ချစ်နှင်းဖွင့်( LL.B ) |
|---|---|---|
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ် - ၅၂၇၇၂) | (စဉ် - ၁၄၄၈၁) | (စဉ် - ၅၁၅၀၉) |

**First Grace Law Firm**
အမှတ် - ၅၇၊ အခန်း - ၁၀၁၊ အဝေရာအိမ်ရာ (၂)၊ အဝေရာလမ်း၊
မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ - ၄၂၁၇၁၉၆၄၈

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊ ဗိုလ်မိုးညိုလမ်းသွယ်၊ အမှတ်(၂၅)၊ (အလျား ၁၇'xအနံ ၅၅')ရှိ မြေနှင့်မြေပေါ်တွင် ဆောက်လုပ်ထားသော တစ်ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင် ပိုင်ဆိုင်ပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသူ ဒေါ်ချစ်နီးနီး[၁၂/သလန(နိုင်)၁၂၆၆၇၇]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်သည် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်နေ့မှ(၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်တင့်တင့်ဝေ[၁၂/ကတန(ပြု)၀၀၂၆၅၅]**
**ဖုန်း-၀၉-၄၅၆၀၈၄၁၈၇၊ ၀၉-၇၈၄၃၇၀၀၆၃**

---

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးကြောင်း ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နှင်းဝေလွင် [၁၄/မမက(နိုင်)၁၈၅၀၉၁] နှင့် ဦးဥက္ကာဖြိုး [၇/ပခန(နိုင်)၂၄၇၆၈၈]တို့သည် နှစ်ဦးနှစ်ဖက် ရိုးမြေကျ ဆက်လက်ပေါင်းသင်းရန် မဖြစ်နိုင်တော့ပါသဖြင့် (၄-၅-၂၀၂၂) ရက်တွင် ဒဂုံမြို့နယ်တရားရုံး၌ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခြင်းစာချုပ်ကို ပြုလုပ်ပြီးဖြစ်ပါသည်။ ထိုသို့ ကွာရှင်းပြီးဖြစ်၍ နောက်နောင်တွင် ဦးဥက္ကာဖြိုးနှင့် ပတ်သက်သောကိစ္စများသည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နှင်းဝေလွင်တွင် တာဝန်မရှိတော့ပါကြောင်းနှင့် နောင်ဖြစ်ပေါ်လာမည့် ဦးဥက္ကာဖြိုးနှင့် စပ်လျဉ်းသည့်ကိစ္စအရပ်ရပ်သည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နှင်းဝေလွင်နှင့် မသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နှင်းဝေလွင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင်ရွှေ (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၀၇/၂၀၁၁)**
**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၆၆၇၃၄၉၉**

---

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးကြောင်း ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဥက္ကာဖြိုး[၇/ပခန(နိုင်)၂၄၇၆၈၈]နှင့် ဒေါ်နှင်းဝေလွင်[၁၄/မမက(နိုင်)၁၈၅၀၉၁]တို့သည် နှစ်ဦး နှစ်ဖက်ရိုးမြေကျ ဆက်လက်ပေါင်းသင်းရန် မဖြစ်နိုင်တော့ပါသဖြင့် (၄-၅-၂၀၂၂)ရက်တွင် ဒဂုံမြို့နယ်တရားရုံး၌ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခြင်းစာချုပ်ကို ပြုလုပ်ပြီးဖြစ်ပါသည်။ ထိုသို့ ကွာရှင်းပြီးဖြစ်၍ နောက်နောင်တွင် ဒေါ်နှင်းဝေလွင်နှင့် ပတ်သက်သော ကိစ္စများသည် ကျွန်ုပ်၏မိတ်ဆွေ ဦးဥက္ကာဖြိုးတွင် တာဝန်မရှိတော့ပါကြောင်းနှင့် နောင်ဖြစ်ပေါ်လာမည့် ဒေါ်နှင်းဝေလွင်နှင့် စပ်လျဉ်းသည့်ကိစ္စအရပ်ရပ်သည် ကျွန်ုပ်၏မိတ်ဆွေ ဦးဥက္ကာဖြိုးနှင့် မသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဥက္ကာဖြိုး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုစုခိုင်(LL.B,D.B.L,D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၅၃)**
**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ (၃၅)လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

---

## "ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း"

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ (၈၁)လမ်းx(၁၈)လမ်းထောင့်၊ အမှတ်(၁၉၄) တွင် တည်ရှိသော MAUNG MAUNG THEIN CO.,LTD၊ ကုမ္ပဏီမှတ်ပုံတင်အမှတ် (၁၁၃၆၅၇၅၀၂)သည် အောက်တွင်ဖော်ပြထားသော အမှတ်တံဆိပ်အား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားသည့်အမှတ်တံဆိပ်မူပိုင်ရှင်ဖြစ်ပါသည်-

Soontrue
To be ahead.

**မှတ်ပုံတင်စာချုပ်အမှတ်-၁၄၅၄/၂၀၂၂(နေ့စွဲ-၂၄-၂-၂၀၂၂)**

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် မုန့်လုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်းများတွင် အသုံးပြုနိုင်သည့် ပါကင်ပိတ်စက်အမျိုးမျိုးတို့အား တင်သွင်း၍ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် လက်လီလက်ကား ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ကုန်အမှတ်တံဆိပ်အား မည်သည့်ပုံစံဖြင့်မဆို မှိုင်မြမ်းတုပသုံးစွဲခြင်း၊ အမည်စာသားပုံစံတူ ထုတ်လုပ်ရောင်းချခြင်း၊ တစ်နည်းနည်းဖြင့် အသုံးပြုခြင်းမျိုး မပြုလုပ်မဆောင်ရွက်ကြရန် သတိပေးတားမြစ်ပါသည်။ မှိုင်မြမ်းတုပသုံးစွဲခဲ့မည်ဆိုပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**MAUNG MAUNG THEIN CO.,LTD ကုမ္ပဏီမှတ်ပုံတင်အမှတ်(၁၁၃၆၅၇၅၀၂)၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဒေါ်အေးမင်းမင်းသိမ့်(LL.B,D.B.L,D.I.L,D.M.L) | ဒေါ်နော်ခမ်းစုစုဗွာ(LL.B) |
|---|---|
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၃၇) | အထက်တန်းရှေ့နေ(စဉ်-၅၃၁၀၀) |

**The Solution Power Law Firm-အမှတ်(၃၃)၊ မြေညီထပ်၊**
**အုတ်ကျင်းဘူတာရုံလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၉၈၉၄၂၊ ၀၉-၂၀၃၉၀၄၁**

---

### ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့အရှေ့ဘက်ကမ်းဈေးသစ်ရှိ ဈေးဆိုင်ခန်းအရစ်ကျဝယ်ယူထားသော ဆိုင်ခန်းရှင်များသိရှိစေရန်

ပဲခူးတိုင်းဒေသကြီး၊ ဝေါဈေးသစ်တည်ဆောက်ရေးကုမ္ပဏီအဖွဲ့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည် -

ဝေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်၊ ဝေါမြို့အရှေ့ဘက်ကမ်း ဈေးသစ်ရှိ ဆိုင်ခန်းဝယ်ယူသူများအနေဖြင့် ဆိုင်ခန်းအရစ်ကျပေးသွင်းရန် ကျန်ရှိသည့်ငွေများကို (၃၁-၅-၂၀၂၂) နေ့နောက်ဆုံးထားပြီး ဆိုင်ခန်းရောင်းချရေးအဖွဲ့သို့ ကိုယ်တိုင်လာရောက်၍သော်လည်းကောင်း၊ တယ်လီဖုန်းနံပါတ် ( 09 260442288, 09 420227808 ) သို့ ဆက်သွယ်၍သော်လည်းကောင်း ကျန်ငွေပေးသွင်းပါရန် နှင့် သတ်မှတ်ကာလအတွင်း ပေးဆောင်ရန်ပျက်ကွက်ပါက ဆက်လက်ဝယ်ယူရန်ဆန္ဒမရှိဟု သတ်မှတ်၍ အရောင်းစာချုပ်ပါ စည်းကမ်းဥပဒေများနှင့်အညီ ဆိုင်ခန်းများအား ပြန်လည်သိမ်းဆည်းသွားမည်ဖြစ်ကြောင်း အသိပေးကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်မြမြသင်း ( LL.B )
တရားလွှတ်တော်ရှေ့နေ (စဉ် - ၄၇၈၀)
အမှတ် - ၅၂ ၊ ပထမထပ်၊ ရ-လမ်း၊ လမ်းမတော်မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း - ၀၉ ၅၀၈၂၈၁၁

---

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## (တင်ဒါအမှတ်-၄/၂၀၂၂-၂၀၂၃)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ (၂၀၂၂-၂၀၂၃) ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောင်ရွက်မည့် အောက်ဖော်ပြပါ လုပ်ငန်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသားတိုင်းရင်းသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါခေါ်ယူမည့်လုပ်ငန်းများ
- Lot(1) လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာစီမံကိန်းအပိုင်း(၂)တွင် ရေတံခါး (Sluice Gate) (၁)စင်း တည်ဆောက်ခြင်း
- Lot(2) လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာစီမံကိန်းအပိုင်း(၄)တွင် ရေတံခါး (Sluice Gate) (၁) စင်း တည်ဆောက်ခြင်း

| | | |
|---|---|---|
| (ခ) | **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | - (၆-၅-၂၀၂၂)ရက် |
| (ဂ) | **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** | - (၁၉-၅-၂၀၂၂)ရက် |
| (ဃ) | **တင်ဒါအဆိုပြုလွှာတင်သွင်းရမည့် နေ့ရက်နှင့်အချိန်** | - (၂၀-၅-၂၀၂၂) ရက် (၁၅:၀၀)နာရီ |
| (င) | **တင်ဒါဖွင့်ပွဲဆောင်ရွက်မည့် နေ့ရက်/အချိန်/ နေရာ** | - ထပ်မံကြေညာပါမည်။ |
| (စ) | **တင်ဒါပုံစံရောင်းချမည့်နေရာ** | - မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းရုံး၊ အမှတ်(၂၂၈/၃၃၄)၊ ဗိုလ်ချုပ်လမ်း၊ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ |

၂။ တင်ဒါလျှောက်လွှာပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို တယ်လီဖုန်းအမှတ်-မြို့ပြ (09-261306530)

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

---

### ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၀၊ လူနေရပ်ကွက်အမှတ်-၁၄၊ အောင်သုခလမ်း၊ မြေကွက်အမှတ်-၂၀၄၉၊ အကျယ်ပေ (၄၀x၆၀)ရှိ ဦးဟုတ်လှိုင်အမည်ပေါက်မြေချပါမစ်ထွက်ရှိထားသော မြေကွက်အနက်မှ ခေါင်းရင်းခြမ်း အကျယ်ပေ(၂၀x၆၀)မြေကွက်အစိတ်အပိုင်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်အား အမည်ပေါက်ပိုင်ရှင်ထံမှ အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့်ဝယ်ယူ၍ လက်ဝယ်ထားရှိပိုင်ဆိုင်သူ ပိုင်ရှင် ဦးစောစိုးမိုး[၁၂/အစန(နိုင်)၁၅၀၀၆၆]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ယမင်းသွယ်[၁၂/ဒဂတ(နိုင်)၀၇၈၅၁၆]မှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ မြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို (၇)ရက်အတွင်း ပိုင်ဆိုင်ခွင့်အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားချက်အရ | လွှဲအပ်ညွှန်ကြားသူ |
|---|---|
| ဒေါ်ယမင်းသွယ် | ဒေါ်ခင်မာလွင်(LL.B, D.B.L) |
| [၁၂/ဒဂတ(နိုင်)၀၇၈၅၁၆] | တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂) |
| အမှတ်-၆၂၅(ခ)၊ ဥဿဖရားလမ်း၊ | အမှတ်-၁၉၂၊ ဗိုလ်ချုပ်လမ်း၊ (၂)ရပ်ကွက်၊ |
| (၉/၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။ | ရွှေပြည်သာမြို့နယ်။ ဖုန်း-၀၉-၅၁၈၉၆၈၉ |

---

### ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄/တိုးချဲ့၊ လူနေရပ်ကွက်၊ အမှတ်-၈၊ ဗိုလ်အောင်ကျော်လမ်း၊ မြေကွက်အမှတ်-၆၀၈၊ အကျယ်ပေ(၄၀x၆၀)ရှိ ဦးမောင်မောင်အမည်ပေါက် နှစ်(၆၀) ဂရန်ထွက်ရှိထားသော မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော ခြေရင်းခြမ်းအကျယ်ပေ (၂၀x၆၀)ရှိ မြေကွက်အစိတ်အပိုင်းနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၁ထပ်)တိုက် လူနေအိမ်တို့အား အမည်ပေါက်ပိုင်ရှင်ဦးမောင်မောင်ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့်ဝယ်ယူ၍ လက်ဝယ်ထားရှိပိုင်ဆိုင်သူ ဦးမောင်မောင်သိန်း[၁၂/လမန(နိုင်)၁၁၆၈၄၁]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးခင်အောင်လွင်[၁၂/စခန(နိုင်)၀၀၁၄၁၀]မှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ မြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို (၇)ရက်အတွင်း မြေကွက်ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ- |
|---|---|
| ဦးခင်အောင်လွင် | ဒေါ်ခင်မာလွင် LL.B, D.B.L |
| [၁၂/စခန(နိုင်)၀၀၁၄၁၀] | တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂) |
| အမှတ်-၆၁(ဃ)၊ သုခလမ်းသွယ်၊ | အမှတ်-၁၉၂၊ ဗိုလ်ချုပ်လမ်း၊ |
| (၂)ရပ်ကွက်၊ မှော်ဘီမြို့နယ်။ | (၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။ |
| | ဖုန်း-၀၉-၅၁၈၉၆၈၉ |

---

### ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၂/စက်မှု၊ မြေကွက်အမှတ်-၉၂(က)၊ ဧရိယာ(၁.၉၉၈)ဧက၊ (အလျား-၂၉၇/၂၉၈ပေxအနံ-၂၉၇ပေ) ရှိသတ္တုဗေဒအင်ဂျင်နီယာနှင့်အထွေထွေ လုပ်ငန်းသမဝါယမအသင်းလီမိတက်အမည်ဖြင့် နှစ်(၆၀) ဂရန်ထွက်ရှိထားသော စက်မှုဇုန်ဂရန်မြေအမျိုးအစားမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

အထက်ဖော်ပြပါ မြေနှင့်အဆောက်အဦအား ဂရန်အမည်ပေါက် ပိုင်ရှင် သတ္တုဗေဒအင်ဂျင်နီယာနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းလီမိတက်မှ (၄-၃-၂၀၂၂)ရက်စွဲပါ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ဦးထွန်းမင်း [၈/အလန(နိုင်)၁၁၈၄၀၀]မှ ရောင်းချခြင်းအား ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ မြေကွက် ပိုင်ဆိုင်မှုနှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို (၁၄)ရက်အတွင်း ပိုင်ဆိုင်ခွင့် အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်ခင်မာလွင်(LL.B.,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)**
**အမှတ်(၁၉၂)၊ ဗိုလ်ချုပ်လမ်း၊ (၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**
**ဖုန်း-၀၉-၅၁၈၉၆၈၉**

---

ကြီး မြန် သစ် ပင် စိုက် ပျိုး လျှင် စွမ်း အင် လည်း ရ ပြည် လည်း လှ

## အထူးကျေးဇူးတင်ရှိခြင်း

နေပြည်တော်တွင် (၁-၅-၂၀၂၂)ရက်နေ့က ကွယ်လွန်သွားသော ဘွားဘွားကြီး ဒေါ်မြစိန် ဈာပနၶ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးကြပါသော ဆရာတော်၊ သံဃာတော်များ၊ သီလရှင်ဆရာကြီး/ဆရာလေးများ၊ သင်္ကန်းများ၊ ဝတ္ထုငွေများ၊ လှူဖွယ်ပစ္စည်းများပေးပို့လှူဒါန်းကြပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဆရာသမားများ၊ ညီအစ်ကိုမောင်နှမများ၊ လုပ်ဖော်ကိုင်ဖက်များ၊ သူငယ်ချင်းများ၊ ဝမ်းနည်းကြောင်း သတင်းစာ၊ တယ်လီဖုန်းတို့ဖြင့် ဆက်သွယ်ပြောကြားပေးပါသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ ဝန်ကြီးဌာနအသီးသီးနှင့် အရပ်ဘက်ဆိုင်ရာ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ လုပ်ဖော်ကိုင်ဖက်များ၊ ကွယ်လွန်ချိန်မှ ဈာပနပြီးမြောက်သည်အထိ စလယ်ဆုံးအဘက်ဘက်မှ ဝိုင်းဝန်းကူညီစောင့်ရှောက် ဆောင်ရွက်ပေးကြပါသော ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် အရာထမ်း/အမှုထမ်းများ၊ လူမှုကူညီရေးအဖွဲ့များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများအား အထူးကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဒုတိယဗိုလ်မှူးကြီးဘရီ(ငြိမ်း)
### ကြည်း-၇၇၇၂၊ ဗိုလ်သင်တန်းအပတ်စဉ်(၂၀)
### လွတ်လပ်ရေးမော်ကွန်းဝင်ပထမဆင့်
### အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ အမှတ်(၃၈/ဈ)၊ မဥ္ဇူလမ်း၊ ပါရမီရိပ်သာ၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ (ဒေါ်မေမေသန်း)၏ခင်ပွန်း၊ ဦးကိုကိုနိုင်- ဒေါ်သိင်္ဂီသန်း၊ ဒေါက်တာထွန်းနိုင်ဦး(ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ တိုင်းရင်းဆေးပညာဦးစီးဌာန)၊ ပါမောက္ခဒေါက်တာရီရီသန်း (ဌာနမှူး-ငြိမ်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)၊ ဦးတင်မောင်ထူး-ဒေါ်ရီရီဝေ၊ ဦးညီညီနိုင်-ဒေါ်နီနီခင်တို့၏ဖခင်၊ မြေး ၁၁ ယောက်၊ မြစ် ခုနစ်ယောက်တို့၏အဘိုးသည် ၅-၅-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၇:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအတိုင်း ယင်းနေ့ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေအပေါင်းအား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၅-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်၌ ဆွမ်းကျွေးတရားတော်နာပြုလုပ်မည်ဖြစ်ပါသောကြောင့် ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ရဟန်းဒါယိကာမကြီး
## ဒေါ်ခင်ကြွယ်
### အသက်(၈၅)နှစ်

မော်ဘီမြို့နယ်၊ (၁)ရပ်ကွက်၊ ပြည်လမ်း၊ အမှတ်(၁၁၃၉)နေ (ဦးအောင်ညွှန့်-ဒေါ်ကျင်)တို့၏ သမီး၊ (ဦးစိုးမင်း-ဒေါ်ကြေးဥ)တို့၏ သမီးချွေးမ၊ ဦးအောင်ခင်ဝင်း-ဒေါ်စန်းစန်းမြင့်၊ ဒေါ်ချိုချိုအောင်၊ ဦးအောင်ဌေးဝင်း (ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန၊ အလုပ်သမားဝန်ကြီးဌာန)-ဒေါ်ခင်လေး၊ ဒေါ်သီတာအောင်၊ ဦးအောင်စိုးဝင်း-ဒေါ်အေးမြသီတာ၊ ဦးဆွေဝင်း-ဒေါ်မာလာအောင်၊ ဒေါ်နီလာအောင်၊ ဦးအောင်စိုးလင်း-ဒေါ်သင်းယုခိုင်တို့၏ ချစ်လှစွာသော မွေးသမိခင်ကျေးဇူးရှင်၊ မြေး ကိုးယောက်တို့၏အဘွား၊ (ဦးမြင့်အောင်)၏ဇနီးသည် ၄-၅-၂၀၂၂ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂:၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၅-၂၀၂၂ ရက် မွန်းတည့် ၁၂ နာရီတွင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၀-၅-၂၀၂၂ ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

- ➢ အိမ်အတွင်းနှင့် ခြံဝင်းအတွင်း ရေပိုက်မလုံမှု၊ ရေဘုံဘိုင် ရေစိမ့်မှု တို့ကို ပြုပြင်ပါ။
- ➢ ရေယိုစိမ့်မှုကြောင့် ရေတင်ချိန်ပိုများလေ မီတာခ ပိုကုန်ကျမှု ဖြစ်စေပါမည်။



### ခရစ်တော်၌အိပ်ပျော်ပြီးဖြစ်ကြောင်း
## U AUGUSTINE
### FOUNDER OF AUGUSTINE ANTIQUE AND SOUVENIR SHOP
### DIRECTOR OF NYARNA BAWGA CO.,LTD
### (ဥက္ကဋ္ဌ သာကီ မြန်မာ့လက်မှုပညာအနုပညာ အမှတ်တရပစ္စည်းထုတ်လုပ်ရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်)
### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မကြီးကြီးလမ်း၊ အမှတ် (၁၄/စီ)၊ ကလောအိမ်ရာနေ (ဦးအင်ဒရူးစ်-ဒေါ်မာဂရက်)တို့၏ သားလတ်၊ (ဦးလူးဝစ်-ဒေါ်ထွေးစီ)တို့၏ သားသမက်၊ ဒေါ်နယ်လီညိုညိုဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဝဏ္ဏ (a) Mark Augustine-ဒေါ်နွယ်နီအေး၊ Sint Sint Moe Canode-Davon Canode (ခေတ္တ-USA )၊ Wai Wai Lin Valle-Anthony Valle (ခေတ္တ-USA )၊ မယဉ်ယဉ်သန့် (a) Janet Augustine၊ ကိုဇေယျာ (a) Jabez Augustine တို့၏ ချစ်လှစွာသောဖခင်၊ မောင်မင်းဇေယျာ (a)Jonathan Augustine၊ Attica Nelly Canode တို့၏ ချစ်လှစွာသောအဘိုး U AUGUSTINE သည် ၁၉-၇-၂၀၂၁ ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားခဲ့ပြီးဖြစ်ပါသည်။ အောက်မေ့ဝတ်ပြုကိုးကွယ်ခြင်း အစီအစဉ်ကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား လေးစားစွာဖြင့် ဖိတ်ခေါ်အကြောင်းကြားအပ်ပါသည်။

| | | |
|---|---|---|
| အစီအစဉ်နေ့ရက် | - | ၁၉-၅-၂၀၂၂ (ကြာသပတေးနေ့) |
| ဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ် | - | နံနက် ၁၀:၀၀ နာရီမှ ၁၁:၃၀ နာရီအထိ |
| ညှော်ခံခြင်းအစီအစဉ် | - | ၁၁:၃၀ နာရီမှ ၁၂:၃၀ နာရီအထိ |
| နေရာ | - | St. Mary Catheoral Catholic Church ဗိုလ်ချုပ်လမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်။ |

ကျန်ရစ်သူမိသားစု

## အားကစား မြှင့်တင် စိတ် လန်းရွှင် ဆန့်ကျင် မူးယစ် ဆေး

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်မှူးကြီး စန်းမောင်(ငြိမ်း)(OTS-30)
### အသက်(၈၃)နှစ်

(OTS-30) ဗိုလ်မှူးကြီး စန်းမောင်(ငြိမ်း)သည် ၂၉-၄-၂၀၂၂ (သောကြာနေ့) ည ၇ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ခလရ(၃၃)မှ အရာရှိစစ်သည်ဟောင်းများ**

### ဒေါ်ကျင်သန်း
### (မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း)
### အသက်(၈၃)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နေ (ဦးမောင်ချို-ဒေါ်အုန်းမြိုင်)တို့၏ သမီး၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်နေ ဦးစိုးရင် (စိုက်ပျိုးရေး/ဗဟိုနိုင်ငံရေးတက္ကသိုလ်)၏ဇနီး၊ (ဦးမောင်စိုး)+ဒေါ်အေးအေးခိုင်၊ (ဦးသိန်းဇော်)-ဒေါ်မူမူမြင့်၊ (ဦးခင်ဇော်)တို့၏မွေးသမိခင်၊ (မောင်ကျော်စွာဟိန်း)၊ မနှင်းဦးဝေ၊ မောင်ထက်အောင်ရှိုင်း၊ မသင်းနုဆွေတို့၏ ဘွားဘွားကြီးသည် ၅-၅-၂၀၂၂ ရက် နံနက် ၂:၁၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ယင်းနေ့နံနက် ၁၁:၀၀ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးသန့်ဇင်
### ဒု/ညွှန်မှူး(ငြိမ်း)၊ နိုင်ငံခြားရေးဝန်ကြီးဌာန
### အသက်(၈၁)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ မုဒုကျေးရွာနေ (ဦးချစ်ဖေ-ဒေါ်အေးမြင့်)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးမောင်ချစ်-ဒေါ်ခင်ညွှန့်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ (ခ-၃)လမ်း၊ အမှတ်(၅၁/ခ)နေ ဒေါ်ခင်မေဝင်း၏ခင်ပွန်း ဦးသန့်ဇင် (ဒု/ညွှန်မှူး-ငြိမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန)သည် ၅-၅-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၂:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၅-၂၀၂၂ (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာအလှူပြုလုပ်မည်ဖြစ်ပါသဖြင့် ကြွရောက်ပေးကြပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
## ဒေါ်ခင်ခင်သိန်း
### အသက်(၇၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာအနောက်ပိုင်းမြို့နယ်နေ ဦးဆွေမြတ်အောင်၊ ဦးထိန်လင်းအောင်-ဒေါ်ရီရီမြင့်၊ ဦးသန့်ဆွေအောင်-ဒေါ်အေးအေးသိမ့်၊ ဒေါ်ဖြိုးသီတာငြိမ်းတို့၏ မွေးသမိခင်၊ မြေး ကိုးယောက်တို့၏အဘွား၊ ဦးဖေသိန်း (R.M.S ဆသရ-ငြိမ်း)၏ဇနီး ဒေါ်ခင်ခင်သိန်းသည် ၄-၅-၂၀၂၂ (ဗုဒ္ဓဟူးနေ့) ည ၈:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၅-၂၀၂၂ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၅-၂၀၂၂ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ (၉)ရပ်ကွက်၊ စစ်တွေလမ်းနှင့် မင်းဘူးလမ်းထောင့်၊ အမှတ် (၆/၄၇၅) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁/ ရပ်ကွက်၊ ထူပါရုံအရှေ့ (၆)လမ်း၊ အမှတ်(၁၂၈၁)၊ (အလျား x အနံ) (၁၀ပေ x ၆၀ပေ) အကျယ်အဝန်းရှိမြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိပိုင်ဆိုင်အကျိုးခံစားလျက်ရှိသော ဒေါ်သွယ်မေလှိုင် [၁၂/သကတ(နိုင်)၁၂၇၂၃၃]ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးစောသန်းထွန်းလှိုင် [၁၂/သကတ(နိုင်)၁၄၄၆၈၀]သည် အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့် နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အပြီးအပိုင် အရောင်းအဝယ်ကို ပြီးဆုံးအောင်မြင်သည်အထိ ဆက်လက်ပြုလုပ်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလှဦး(စဉ်-၄၄၉၄)**
**အထက်တန်းရှေ့နေ**
**အမှတ်(၂၄)၊ ဗိုလ်ချုပ်လမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်။ ဖုန်း-၀၉-၉၆၁၆၀၆၀၆၁**

### ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၅-ရပ်ကွက်၊ စစ်ကိုင်း(၂၆)လမ်း၊ အမှတ်(၇၃၂)၊ မြေညီထပ်(ခြေရင်းခန်း) မျက်နှာမူလျက်(ယာ)ဟု ခေါ်တွင်သည့် တိုက်ခန်း အရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်။

အဆိုပါတိုက်ခန်းကို ကန်ထရိုက်တာဖြစ်သူ **ဦးအောင်ဆွေဦး [၁၁/အမန(နိုင်)၀၃၂၁၄၈]**ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးမှ ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ယနေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ဘော် (စဉ်-၄၀၃၅)**
**LL.B,DBL,DML,DIL,DLP, WIPO (Switzerland)**

**ဒေါ်အေးအေးစိုး (စဉ်-၅၈၂၇) B.Sc,Hon (IC), HGP,R.L, D.B.L.**
**တရားလွှတ်တော်ရှေ့နေများ**

**ဦးရဲမြင့်ထွန်း (LL.B) (စဉ်-၅၀၅၂၂) အထက်တန်းရှေ့နေ**
**အမှတ်(၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွှန့်မြို့နယ်။ ရန်ကုန်မြို့။**
**Tel; 294766, HP-09-5017044**

## မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ” ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**တပ်မတော်အနေနဲ့ ဒို့တာဝန်အရေးသုံးပါးကို ထိပါးမယ့်အချက်တွေကို လက်မခံဘဲ နိုင်ငံသားအားလုံးရဲ့ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သွားမှာဖြစ်ပြီး ရေရှည်တည်တံ့ခိုင်မြဲတဲ့ ထာဝရငြိမ်းချမ်းရေးအတွက် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးကို အလေးထားဆောင်ရွက်သွားမှာဖြစ်ကြောင်း ခိုင်ခိုင်မာမာ ပြောကြားလိုတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမဟာသရေစည်သူ မင်းအောင်လှိုင်၏ (၇၇)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

# အုန်းဆံကြိုးစက်ရုံနှင့် အုန်းနှင့်ဆက်စပ်သည့် လူသုံးကုန်ထုတ်ပစ္စည်း လက်မှုလုပ်ငန်းများ လုပ်ဆောင်ရန် သင်တန်းပေးမှုများ ဆောင်ရွက်ပေးလျက်ရှိ အုန်းသီး ကြွယ်ဝစွာထွက်ရှိမှုကို အခြေခံ၍ နည်းပညာဖြင့် လူသုံးကုန်သစ်များ ထုတ်လုပ်နိုင်ရေး နည်းလမ်းရှာကြံ ဆောင်ရွက်ရန်လို



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့ရှိ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

နေပြည်တော် မေ ၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့ရှိ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများအား မြို့နယ်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးမောင်းဟာ၊ စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ကိုကိုးကျွန်းမြို့ရှိ မြို့နယ်အဆင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ☆

**ယနေ့** ဖတ်စရာ

## ယခုနှစ် ပထမလေးလအတွင်း ဗီယက်နမ်နိုင်ငံ၏ စက်မှုထုတ်ကုန်ပမာဏ ၇ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်လာ

စာမျက်နှာ » ၁၃

## မန်စီးတီးအသင်းကို အနိုင်ရပြီး ရီးယဲလ်မက်ဒရစ်အသင်း ချန်ပီယံလိဂ် ဗိုလ်လုပွဲ တက်လှမ်း



စာမျက်နှာ » ၁၉

# ဆီးဂိမ်းပြိုင်ပွဲအတွက် မြန်မာအမျိုးသားဘောလုံးအသင်း အပြီးသတ်ကစားသမား ရွေးချယ်

ရန်ကုန် မေ ၅

မြန်မာအမျိုးသား ဘောလုံးအသင်းသည် (၃၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ရန် အပြီးသတ်ကစားသမား ၂၀ ရွေးချယ်လိုက်ပြီဖြစ်သည်။

မြန်မာအမျိုးသား ဘောလုံးအသင်းနည်းပြချုပ် ပိုပေါ့ဗ်သည် မေ ၅ ရက်တွင် အပြီးသတ်လူစာရင်း ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲအတွက် ကစားသမား ၂၀ ရွေးချယ်ခဲ့သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကာလဖြစ်သောကြောင့် ကစားသမားများ ရောဂါကူးစက်ခံရပါက အဆင်သင့်အစားထိုးနိုင်ရန်

စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ❂



မြန်မာအမျိုးသားဘောလုံးအသင်း ကစားသမားများ လေ့ကျင့်နေစဉ်။